မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြောင့်မတ်တည်ကြည် သတင်းမှန်သည်မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၈၅)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများအပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာအီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်)

# အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းကို ၂၀၀၁ ခုနှစ် ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ စုစုပေါင်းခြောက်နိုင်ငံဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၀၂ ခုနှစ် ဇွန်လတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပခဲ့သော SCO အဖွဲ့ဝင်နိုင်ငံအကြီးအကဲများအစည်းအဝေးတွင် SCO ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။

SCO အဖွဲ့ကြီး၏အဓိကရည်မှန်းချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် အပြန်အလှန်ယုံကြည်မှုခိုင်မာစေရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သုတေသန၊ နည်းပညာနှင့်ယဉ်ကျေးမှုတို့အပြင် ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခြားသောကဏ္ဍများတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်သွားရန်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ကိုအခြေခံသည့် တရားမျှတသော နိုင်ငံတကာ နိုင်ငံရေးနှင့်စီးပွားရေးအခင်းအကျင်းတိုးမြှင့်ရေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးမူဝါဒအရ SCO သည် မတူညီသည့်ယဉ်ကျေးမှုဓလေ့ကိုအလေးထားရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးဆန္ဒရှိမှုတို့အတွက် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်ညှိနှိုင်းမှု စသည့်စည်းမျဉ်းစည်းကမ်းတို့ကိုအခြေခံသည့် အဖွဲ့အစည်းတွင်းဆိုင်ရာမူဝါဒကို လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါလှသည်။ နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့မှထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ်အထောက်အကူပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ၏ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များအပေါ် အခြေခံပြီး ကဏ္ဍအလိုက်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့်ဆွေးနွေး၍ ပြုစုရေးဆွဲထားပြီးဖြစ်သည်။ အဆိုပါမူဝါဒမူဘောင်၏ရေရှည်မျှော်မှန်းချက်သည်"သဘာဝသယံဇာတများကိုထိရောက်စွာအသုံးချသည့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်" ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇူလိုင်လ ၈ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့၌ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ် **"မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက်နိုင်ငံအဖြစ်ပါဝင်ခွင့်ရသည့်အတွက်ဂုဏ်ယူပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုခိုင်မြဲစေရန်ဆောင်ရွက်သွားနိုင်ရန်မျှော်လင့်ပါကြောင်း၊ မိမိတို့၏စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင်ပညာရှင်များ၏ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲသည့်အနာဂတ်ကို အတူတကွဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များအသုံးပြုမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် လျှပ်စစ်သုံးယာဉ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ပြဋ္ဌာန်းပြီးဖြစ်သည်။ ယခုအခါမူဝါဒပါမျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်အညီ Electric Vehicle Development Action Plan ရေးဆွဲပြီး လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များချမှတ်၍ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်အသုံးပြုခြင်းများကို စနစ်တကျအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်၏ တောင်ပိုင်းတစ်လျှောက် ရေပေါ်ရေအောက်လှည့်လည်ကြည့်ရှုလေ့လာနိုင်ရေးကိုလည်းအစိမ်းရောင်ခရီးသွားမြှင့်တင်ရေးကဏ္ဍအဖြစ် စီမံဆောင်ရွက်ထားရှိသည်။ အနှစ်ချုပ်ဆိုရသော် ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများမှာ လွန်စွာအရေးပါလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။ ။

## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၁၂-၇-၂၀၂၄(သောကြာနေ့)

မြဝတီရုပ်မြင်သံကြား

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇း၂၅ | ဓမ္မပူဇာတေး |
| ၃။ | ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅။ | ၈း၁၅ | စိုက်ပျိုးသုတ |
| ၆။ | ၈း၂၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၇။ | ၉း၃၅ | Soft Skill |
| ၈။ | ၁၀း၅၀ | ကျန်းမာသုတ |
| ၉။ | ၁၁း၂၀ | အတွေးအမြင် |
| ၁၀။ | ၁၁း၃၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၁၁။ | ၁၁း၄၀ | Sport Review |
| ၁၂။ | ၁၁း၅၀ | မြန်မာ့လက်သံ |
| ၁၃။ | ၁၂း၁၅ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၁၄။ | ၁၃း၁၀ | အမှတ်တရနေ့ရက်များ |
| ၁၅။ | ၁၆း၄၅ | သီချင်းလက်ဆောင် |
| ၁၆။ | ၁၈း၂၅ | ခံစားတွေ့ကြုံ<br>တပ်မတော်သားဘဝအဖုံဖုံ |
| ၁၇။ | ၁၆း၄၅ | Sharing Knowledge |
| ၁၈။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း**<br>**-မြန်မာ့မော်ကွန်း အပိုင်း(၁)** |
| ၁၉။ | **ညစ၁နာရီ သတင်း အပြီး** | **နိုင်ငံတကာသတင်း** |
| ၂၀။ | | **မိုးလေဝသသတင်း** |
| ၂၁။ | | **ခရီးလည်းသွားစကားလည်းဆို** |
| ၂၂။ | | နှစ်(၈၀)ကျော်ကြားတေးများ |
| ၂၃။ | | တရားတော် |

နေပြည်တော်၊ လူမှုရေး

## အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏နေ့ထူးနေ့မြတ်များ ပိုမိုသိရှိလာစေရန်နှင့် အာဇာနည်နေ့ကို အစဉ်အမြဲသတိရှိစေရန် ရည်ရွယ်ကျင်းပသည့် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရွှေစုကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးလွင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ မြန်မာတစ်မျိုးသားလုံးအတွက် အားကျအတုယူမမေ့သင့်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကြောင်း၊ အထက်တန်းပြဆရာ ဒေါ်လဲ့ရီစံက အာဇာနည်စိတ်ဓာတ်အကြောင်းတို့ကို ဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၃)

နေပြည်တော်၊ ဒေသဖွံ့ဖြိုးရေး

## ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်း တည်ဆောက်နိုင်ရေး ကွင်းဆင်းတိုင်းတာ

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ယာကုန်း+သရက်သမိန်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်းတည်ဆောက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်းကို ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများက သစ်ယာကုန်း+သရက်သမိန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သစ်ယာကုန်း+သရက်သမိန်ကျေးရွာ၌ အရှည် ၇ ဒသမ ၅၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ ကျေးရွာကုန်ထုတ်လမ်းမြေသား+ရိစာခင်းခြင်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၃၂ သန်းဖြင့် မင်းသစ္စာလှိုင်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

နော်လူး

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ဖျာပုံ၊ စီးပွားရေး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိသာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ ပိသာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက သန့်စင်ပြီးကဏန်းပျော့ပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း သန့်စင်ပြီးကဏန်းပျော့ပိသာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေထွက်တဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ပြန်လည်သွက်လာတဲ့အတွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာပါ။ တင်ပို့ကုန်များလာတော့ ကဏန်းပျော့လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာပါတယ်။ ဒါ့ပြင် ကဏန်းပျော့တင်ပို့တဲ့လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလည်း အဆင်ပြေလာတယ်။ လက်ရှိ ရန်ကုန်မြို့ကနေတစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ ဒီဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးလုပ်ကိုင်ကြပါတယ်" ဟု ဒေါ်စုခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့များကို ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

အဆိုပါဒေသထွက်ကဏန်းပျော့များ ဝယ်လိုအားကောင်းနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

မုဒုံ၊ စိုက်ပျိုးရေး

# မုဒုံမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးထားပြီးဖြစ်

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၇၅၀၀၀ ကျော် စိုက်ပျိုးရန်လျာထားသည့်အနက် လက်ရှိအချိန်ထိ မိုးစပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုဒုံမြို့နယ်၌ မိုးစပါးများစိုက်ပျိုးရာတွင် အရည်အသွေးကောင်းမျိုးဖြစ်သော ပေါ်ဆန်းမွှေးအုပ်စုကို အဓိကထားစိုက်ပျိုးကာ တစ်ဧကလျှင် တင်း ၆၀ မှ ၇၀ ကြားထွက်ရှိကြောင်း၊ အလားတူ ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မုဒုံမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေးအုပ်စုကို အဓိကထားစိုက်ပျိုးခဲ့ပြီး ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၆၆ ဒသမ ၈၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မုဒုံမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဖို့လျာထားတဲ့ဧကက စုစုပေါင်း ၇၅၁၉၆ ဧကဖြစ်ပါတယ်။ လက်ရှိ စုစုပေါင်းဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ တောင်သူတွေကို စည်းရုံးပြီး ဒေသ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ စပါးမျိုးတွေကိုသာ စိုက်ပျိုးထားပါတယ်။ မျိုးစေ့ချကိရိယာကို အသုံးပြုဖို့အတွက်လည်း တောင်သူတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက စည်းရုံးနေပါတယ်။ စိုက်ပျိုးရာသီချိန်အမီ မြေပြင်တာ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် ပိုးသတ်ဆေးအသုံးပြုတာ၊ ထုံးထည့်တာတွေကိုလည်း ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်" ဟု မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးငြိမ်းချမ်းကျော်ကပြောသည်။

ဓာတ်မြေဩဇာအသုံးပြုရာတွင်လည်း တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် အချိုးကျ၊ အချိန်ကိုက်အသုံးပြုနိုင်စေရန် ယခုအခါ တောင်သူများကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စပါးများရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အချိန်မီဆောင်ရွက်နိုင်စေရန် စက်မှုလယ်ယာဦးစီးဌာနနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မုဒုံမြို့နယ်၌ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ တိရစ္ဆာန်အစာပင်၊ ရော်ဘာပင် စသည့်အပင်များ စိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းတိုးတက်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရေးနှင့် တောင်သူများအတွက် ဝင်ငွေတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

ပဲခူး၊ ခရီးသွား

# ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ယခုနှစ်ဇန်နဝါရီလမှ ဇွန်လအထိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၈၅၃၇၈ ဦး ဝင်ရောက်ခဲ့

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၈၅၃၇၈ ဦး ဝင်ရောက်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၏ပြောကြားချက်အရ သိရသည်။

ထိုသို့ လာရောက်လည်ပတ်သော ပြည်ပခရီးသွားဧည့်သည်များတွင် ထိုင်းနိုင်ငံသားအများဆုံးဖြစ်ပြီး အဆိုပါခရီးသွားဧည့်သည်များသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်ရှိရာ ဒေသများနှင့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သောဒေသများသို့ အဓိကသွားရောက်လေ့လာလည်ပတ်ခဲ့ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်း ဒီနှစ်ဇန်နဝါရီလကနေ ဇွန်လအထိ ပြည်တွင်းခရီးသွားဧည့်သည် ၁၈၂၃၅၈ ဦးနဲ့ ပြည်ပခရီးသွားဧည့်သည် ၃၀၂၀ ဦး စုစုပေါင်း ၁၈၅၃၇၈ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေအနေနဲ့ ငွေကျပ် ၂၁၉၆၄ ဒသမ ၈၄ သိန်း ရရှိခဲ့ပါတယ်။ ဒီနှစ်မှာ Package Tour ၁၅၇ ကြိမ်နဲ့ ပြည်ပခရီးသွားဧည့်သည် ၂၂၆၃ ဦး ဝင်ရောက်ခဲ့ပါတယ်။ အများဆုံးကတော့ ထိုင်းနိုင်ငံသားတွေဖြစ်ပါတယ်" ဟု စီးပွားရေးရာဝန်ကြီး ဦးတင်ဦးကပြောသည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်ရေး၊ လက်ရှိခရီးစဉ်ဒေသများကို ရေရှည်တည်တံ့စေရန် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် စေတီပုထိုးများတွင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အလွယ်တကူလေ့လာနိုင်ရန် Pagoda Digital Directory များကိုလည်း QR Code များဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆောင်းဦး**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

ဓာတ်အားပေးစက်တစ်လုံး တည်ဆောက်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သော စက်လည်ပတ်မှုကုန်ကြမ်း (အရင်းအမြစ်) ရှိရပါဦးမည်။ ဓာတ်ငွေ့သုံးစက်ရုံအတွက် ဓာတ်ငွေ့သိုက်လိုအပ်သလို ရေအားလျှပ်စစ်အတွက် စက်ရုံတည်ဆောက်နိုင်သည့် ရေအရင်းအမြစ်ကောင်းများလည်း ရှိရပါဦးမည်။

အရင်းအမြစ်ရှိခဲ့လျှင်လည်း နှစ်ရှည်လည်ပတ်နိုင်မှု ရှိ၊ မရှိ စူးစမ်းလေ့လာရပါဦးမည်။ ဘက်စုံအဆင်ပြေခဲ့လျှင်ပင် ဒေသခံပြည်သူများနှင့်ညှိနှိုင်းဆောင်ရွက်ရမှု၊ ငွေကြေးရှာဖွေရမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရမှု၊ ဓာတ်အားလိုင်းကြီးများအတွက် ထည့်သွင်းစဉ်းစားရမှု၊ ဖြန့်ဖြူးမည့်ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအားလုံး တစ်ပြိုင်နက်ပြီးစီးအောင်စီမံရမှု စသည့်ကြီးမားကျယ်ပြန့်လှသောလုပ်ငန်းစဉ်ကြီးများကို ဖြတ်သန်းကြရသည်။ သာမန်ကုန်ထုတ်လုပ်ငန်းစက်ရုံတည်ဆောက်ခြင်း၊ လမ်းတစ်လမ်းဖောက်လုပ်ခြင်း၊ တံတားတစ်စင်းတည်ဆောက်ခြင်း၊ ဟိုတယ်တစ်လုံး၊ ကုန်တိုက်တစ်တိုက်၊ စူပါမားကက်ကြီးတစ်ခုတည်ဆောက်ခြင်းထက် ပို၍ရှုပ်ထွေးများပြားသောလုပ်ငန်းအဆင့်များ ပါဝင်နေသည်။

ရေအားလျှပ်စစ်စီမံကိန်းများတွင် စက်မှုနှင့်လျှပ်စစ်ပစ္စည်းများ၊ ဗို့အားမြင့်ဓာတ်အားလိုင်းကြီးများအတွက် နိုင်ငံခြားငွေအလုံးအရင်းသုံးစွဲရသလို မြန်မာငွေလည်း မြောက်မြားစွာရင်းနှီးမြှုပ်နှံကြရသည်။

ခေတ်အဆက်ဆက် တည်ဆောက်ခဲ့ပြီးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့၏ ပြည်တွင်းငွေ၊ နိုင်ငံခြားငွေကုန်ကျစရိတ်များကို လေ့လာနိုင်ရန် နမူနာအဖြစ်ဖော်ပြပါမည်။

တချို့သောစက်ရုံစီမံကိန်းများတွင် တာတမံလုပ်ငန်းနှင့် စက်ရုံလုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲပြီး ဝန်ကြီးဌာနနှစ်ခုက တာဝန်ယူကြရသည်များရှိသလို လျှပ်စစ်ဌာနတစ်ခုတည်းကပင် စက်ရုံပိုင်းရော တာတမံပိုင်းပါ ဆောင်ရွက်ခဲ့သည့်စီမံကိန်းများလည်း ပါဝင်သည်။ ဌာနနှစ်ခု ခွဲခြားဆောင်ရွက်ရသောကိစ္စများအတွက် လျှပ်စစ်ကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍဟု အောက်ပါဇယားတွင် ခွဲခြားဖော်ပြထားပါသည်။

**တည်ဆောက်ပြီးရေအားလျှပ်စစ်စီမံကိန်းတချို့၏ကုန်ကျစရိတ်**

| စဉ် | အမည် | ဖွင့်လှစ်သည့်နေ့ | တည်နေရာ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ကုန်ကျစရိတ် - လျှပ်စစ်ကဏ္ဍ ပြည်တွင်းငွေ (ကျပ်သန်း) | လျှပ်စစ်ကဏ္ဍ နိုင်ငံခြားငွေ (သန်း) | ဆည်မြောင်းကဏ္ဍ ပြည်တွင်းငွေ (ကျပ်သန်း) | စုစုပေါင်း ပြည်တွင်းငွေ (ကျပ်သန်း) | စုစုပေါင်း နိုင်ငံခြားငွေ (သန်း) |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ဘီလူးချောင်း(၂)<br>-ပထမစက်(၃)လုံး<br>-ဒုတိယစက်(၃)လုံး | <br>၃၁. ၃. ၁၉၆၀<br>၂. ၃. ၁၉၇၄ | လွိုင်ကော် | ၁၆၈ | ၁၃၉. ၆ | ၁၈၁. ၅ (ဂျပန်ယန်း) | | ၁၃၉. ၆ | ၁၈၁. ၅ (ဂျပန်ယန်း) |
| ၂။ | ကင်းတား(*) | ၄. ၁၂. ၁၉၈၅ | ကျောက်ဆည် | ၅၆ | ၁၈၉. ၁၈ | ၁၂၇. ၆ (ဂျာမန်ငွေ) | ၁၃၆၁. ၇ | ၁၅၅၀. ၈၈ | ၁၂၇. ၆ (ဂျာမန်ငွေ) |
| ၃။ | ဆည်တော်ကြီး(*) | ၆. ၆. ၁၉၈၉ | မတ္တရာ | ၂၅ | ၁၁၆. ၇၃ | ၁၆. ၆ (USD) | ၇၅၈. ၂၉ | ၈၇၅. ၀၂ | ၁၆. ၆ (USD) |
| ၄။ | ဘီလူးချောင်း(၁) | ၉. ၈. ၁၉၉၂ | လွိုင်ကော် | ၂၈ | ၆၃၁. ၆၆ | ၁၅. ၁၇ | - | ၆၃၁. ၆၆ | ၁၅. ၁၇ (ဂျပန်ယန်း) |
| ၅။ | ဇောင်းတူ | ၂၂. ၃. ၂၀၀၀ | ပဲခူး | ၂၀ | ၄၂၃၂. ၄၅ | ၂၁. ၂၁ (USD) | - | ၄၂၃၂. ၄၅ | ၂၁. ၂၁ (USD) |
| ၆။ | သဖန်းဆိပ်(* ) | ၁၈. ၆. ၂၀၀၂ | ကျွန်းလှ | ၃၀ | ၁၃၈၄. ၈၂ | ၂၀ (USD) | ၇၅၃၀ | ၈၉၁၄. ၈၂ | ၂၀ (USD) |
| ၇။ | မုန်းချောင်း(*) | ၂၇. ၁၁. ၂၀၀၄ | စေတုတ္တရာ | ၇၅ | ၃၈၂၄. ၁၁ | ၃၁. ၉၉ (USD) | ၁၃၈၀၀ | ၁၇၆၂၄. ၁၁ | ၃၁. ၉၉ (USD) |
| ၈။ | ပေါင်းလောင်း(*) | ၂၅. ၃. ၂၀၀၅ | ပျဉ်းမနား | ၂၈၀ | ၈၄၇၆. ၂၅ | ၂၀၁. ၈၂ (USD) | ၁၆၉၆၅ | ၂၅၄၄၁. ၂၅ | ၂၀၁. ၈၂ (USD) |
| ၉။ | ရဲနွယ်(*) | ၁၀. ၂. ၂၀၀၇ | ကျောက်တံခါး | ၂၅ | ၆၅၁၃. ၅၃ | ၈. ၅၃ (USD) | ၁၆၁၆၅ | ၂၂၆၇၈. ၅၃ | ၈. ၅၃ (USD) |
| ၁၀။ | ခပေါင်း(*) | ၂၃. ၃. ၂၀၀၈ | အုတ်တွင်း | ၃၀ | ၈၄၆၅. ၄၄ | ၈. ၉၂ (USD) | ၁၆၇၁၈ | ၂၅၁၈၃. ၄၄ | ၈. ၉၂ (USD) |
| ၁၁။ | ကျိုင်းတောင်း | ၂၀. ၃. ၂၀၀၉ | ကျိုင်းတောင်း | ၅၄ | ၁၄၅၃၈ | ၁၉. ၄၂ (USD) | - | ၁၄၅၃၈ | ၁၉. ၄၂ (USD) |
| ၁၂။ | ရဲရွာ(**) | ၁၅. ၁၂. ၂၀၁၀ | မန္တလေး | ၇၉၀ | ၂၈၈၆၆၄ | ၂၉၈. ၅၃ (USD) | - | ၂၈၈၆၆၄ | ၂၉၈. ၅၃ (USD) |
| ၁၃။ | ရွှေကျင် | ၂၂. ၁၀. ၂၀၁၁ | ရွှေကျင် | ၇၅ | ၇၁၆၃၁. ၉၂ | ၂၈. ၃၇ (USD) | - | ၇၁၆၃၁. ၉၂ | ၂၈. ၃၇ (USD) |
| ၁၄။ | ရွှေလီ-၁ (ဖက်စပ်စီမံကိန်း) | ၁၆. ၅. ၂၀၀၉ | နမ့်ခမ်း | ၆၀၀ | - | ၄၇၅ (USD) | - | - | ၄၇၅ (USD) |
| ၁၅။ | တာပိန်-၁ (ဖက်စပ်စီမံကိန်း) | ၂၃. ၁. ၂၀၁၁ | ဗန်းမော် | ၂၄၀ | - | ၂၄၀ (USD) | - | - | ၂၄၀ (USD) |

(*)တာတမံကို ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်သည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ။

(**) စက်ရုံမှ မိတ္ထီလာနှင့် ကျောက်ဆည်(ဘဲလင်း)အထိ ဓာတ်အားလိုင်းတန်ဖိုးအပါအဝင်။

USD-United States Dollar.

**တည်ဆောက်ပြီး ကျောက်မီးသွေးနှင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတချို့၏ကုန်ကျစရိတ်**

| စဉ် | အမည် | ဖွင့်လှစ်သည့်နေ့ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ကုန်ကျစရိတ် - ပြည်တွင်းငွေ (ကျပ်သန်း) | ကုန်ကျစရိတ် - နိုင်ငံခြားငွေ (သန်း) |
|---|---|---|---|---|---|
| ၁။ | တီကျစ် ကျောက်မီးသွေး | ၁၂. ၄. ၂၀၀၅ | ၁၂၀ | ၂၈၈၆၆. ၂ | ၄၃. ၁၅ (USD) |
| ၂။ | ကျွန်းချောင်း(*) | ၁၉၇၄ | ၁၈. ၁×၃= ၅၄. ၃ | | ၃. ၁၆ (စတာလင်ပေါင်) |
| ၃။ | မန်း(မင်းဘူး) | ၂၂. ၈. ၁၉၈၀ | ၁၈. ၄၅×၁= ၁၈. ၄၅ | ၅၅. ၁ | ၇၉. ၅ (USD) |
| | | ၈. ၁၂. ၁၉၈၀ | ၁၈. ၄၅×၁= ၁၈. ၄၅ | | |
| ၄။ | ရွှေတောင်(**) | ၁၆. ၂. ၁၉၈၂ | ၁၈. ၄၅×၁= ၁၈. ၄၅ | ၁၀၃ | ၁၄၃. ၁ MMK |
| | | ၅. ၆. ၁၉၈၂ | ၁၈. ၄၅×၁= ၁၈. ၄၅ | | |
| | | ၁၆. ၄. ၁၉၈၄ | ၁၈. ၄၅×၁= ၁၈. ၄၅ | | |

(*) ကျွန်းချောင်းဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအတွက် မြန်မာငွေထပ်မံဖြည့်စွက်ရပါဦးမည်။

(**) ရွှေတောင်ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ နိုင်ငံခြားငွေနေရာတွင် တန်ဖိုးညီမျှသည့် မြန်မာငွေသာ ထည့်သွင်းထားပါသည်။

USD-United States Dollar.

MMK-Myanmar Kyat.

တည်ဆောက်သည့်ကာလမတူလျှင် ငွေတန်ဖိုးလည်းမတူနိုင်သဖြင့် စက်ရုံဖွင့်လှစ်သည့် ရက်စွဲများပါ ဖော်ပြထားခြင်းဖြစ်သည်။

ဤကာလအတွင်း ဓာတ်အားပေးစက်ရုံတည်ဆောက်မှုလုပ်ငန်းများတွင် နိုင်ငံ၏ဘဏ္ဍာရန်ပုံငွေကျခံရာမှ ဈေးကွက်စီးပွားရေးအသွင်ပြောင်းနိုင်ရန် ပြည်တွင်းတိုင်းရင်းသားများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခဲ့သော်လည်း နိုင်ငံတော်မှသတ်မှတ်သည့်ဓာတ်အားဝယ်ယူမှုဈေးနှုန်းအရလည်းကောင်း၊ လုပ်ငန်းစဉ်တစ်ခုလုံးတွင် တွေ့ကြုံကြရမည့် မခန့်မှန်းနိုင်သောအခက်အခဲအတားအဆီးများကြောင့်လည်းကောင်း မျှော်မှန်းသလို ရင်းနှီးမြှုပ်နှံမှုမပြုကြ၍ နိုင်ငံ၏ဓာတ်အားအကျပ်အတည်း ပိုမိုကြီးမားခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းဖြန့်ဖြူးမှု ဓာတ်အားခဈေးနှုန်း သက်သာစေလိုလျှင် နယ်စပ်နှင့်နီးစပ်သည့်ဒေသများမှ ဓာတ်အားအများစုကို ပြည်ပသို့ အထိုက်အလျောက်တင်ပို့မှသာ ရင်းနှီးမြှုပ်နှံသူလည်း တွက်ခြေကိုက်မည်။ နောက်အရေးကြီးသောအချက်တစ်ခုမှာ ရေအားလျှပ်စစ်ကဏ္ဍရင်းနှီးမြှုပ်နှံသူများ တွေ့ကြုံကြရမည့် မမျှော်မှန်းနိုင်သောအကျပ်အတည်းများကို ဖြေရှင်းပေးနိုင်မှသာ လုပ်ငန်းများအောင်မြင်ပါလိမ့်မည်။ ဖြစ်နိုင်ပါက အမေရိကန်တို့ဆောင်ရွက်သကဲ့သို့ တိကျသောဥပဒေပြဋ္ဌာန်းပေးသင့်သည်။

ပြန်လည်ပြည့်ဖြိုးမြဲရေကို သိုလှောင်မည့်တမံများ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုဝန်းကျင်သက်ရောက်မှုကိစ္စများအပေါ် စနစ်တကျဖြေရှင်းနိုင်လျှင် ရေရှည်တည်မြဲမည့် ဈေးသက်သာသော ဓာတ်အားကို ပြည်ပအမှီအခိုကင်းစွာ ရရှိကြပါလိမ့်မည်။

မြန်မာနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲရေပမာဏကိုကြည့်၍ မိမိတို့နိုင်ငံကို ပြည်ပနိုင်ငံတချို့က များစွာအားကျကြသည်။ သို့သော် လျှပ်စစ်ဓာတ်အားမလုံလောက်မှုနှင့် အပူပိုင်းဒေသများတွင် ယနေ့အထိ သောက်သုံးရေမလုံလောက်မှု၊ စိုက်ပျိုးရေမလုံလောက်မှုနှင့်အတူ တစ်နိုင်ငံလုံးတွင် နှစ်စဉ် ရေကြီးရေလျှံမှုဖြစ်နေသည်ကိုလည်း စိတ်ဝင်စားနေကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံစနစ်ဖြစ်၍ အစိုးရများ၏သက်တမ်းသည် ငါးနှစ်တစ်ကြိမ် အပြောင်းအလဲရှိသည်။နှစ်ရှည်ဆောင်ရွက်ရမည့် ဤကဲ့သို့သောလုပ်ငန်းကြီးများကို လက်ဆင့်ကမ်းဆောင်ရွက်မှုအရှိန်မြှင့်တင်သင့်သည်။ ငါးနှစ်အတွင်း ပြီးစီးနိုင်သော Quick win ဟုခေါ်ကြသည့် လက်ငင်းထင်သာမြင်သာဖြစ်စေမည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်သင့်သလို နိုင်ငံဖွံ့ဖြိုးစေလိုသည့် စေတနာအရင်းခံဖြင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းကြီးများကိုလည်း လက်ဆင့်ကမ်းသွားသင့်သည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့တွင် တည်ဆောက်ခဲ့ကြသော ရေအသုံးချမှုစီမံကိန်းကြီးများသည် နိုင်ငံ၏ခေါင်းဆောင်များအဆင့်ဆင့် လက်ဆင့်ကမ်း၍ ဆောင်ရွက်ခဲ့ကြသည့် စီမံကိန်းကြီးများဖြစ်သည်။ နိုင်ငံ၏သက်တမ်းသည် နှစ်ပေါင်းထောင်သောင်းချီ၍ သက်တမ်းရှည်နိုင်ပါသည်။

ချမ်းချမ်းသာသာ၊ ကျန်းကျန်းမာမာသက်တမ်းရှည်စေရေး နှစ်ရှည်ဆောင်ရွက်ရမည့် နိုင်ငံ့အကျိုးပြုစီမံကိန်းလုပ်ငန်းကြီးများကို လက်ဆင့်ကမ်းဆောင်ရွက်ကြရန်လိုအပ်သည်။ အစ္စရေး၊ စင်ကာပူ၊ တရုတ်၊ အမေရိကန်၊ လာအို၊ အီဂျစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု စသည့်အခြေအနေမတူ၊ ဒေသမတူနိုင်ငံအသီးသီး၏ ပြန်လည်ပြည့်ဖြိုးမြဲရေအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ရေး အားထုတ်ကြိုးပမ်းနေကြမှုများကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**






ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

♦ ကျောဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏အရေးပါမှုစသည့် လူဦးရေဆိုင်ရာပြဿနာရပ်များကို ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေသန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ကို အစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း




ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ကျင်းပသည့်အခမ်းအနားသည် (၃၅)ကြိမ်မြောက်အခမ်းအနားပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာ့လူဦးရေသည် သန်းပေါင်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း၊ ရှေးယခင်က ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာကျော်ကြာမြင့်ခဲ့သော်လည်း ယနေ့ကာလတွင် ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆင့်မြင့်နည်းပညာများနှင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူဦးရေဆိုင်ရာမွေးဖွားနှုန်း၊ သေဆုံးနှုန်းများပြောင်းလဲလာခြင်းကြောင့် လူဦးရေသန်းတစ်ထောင်တိုးရန်အချိန်သည် တဖြည်းဖြည်းတိုတောင်းလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာမပြည့်စုံခြင်းများ၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ၊ ကူးစက်ကပ်ရောဂါပျံ့နှံ့ခြင်းများ၊ ရေဘေးလေဘေးမုန်တိုင်းဘေး စသည့် သဘာဝဘေးအန္တရာယ်များကို လူသားတို့ယခင်ကထက် ပိုမိုရင်ဆိုင်ခံစားလာနေကြရကြောင်း၊ ထို့ပြင် တန်းတူညီမျှမှုမရှိခြင်းများ၊ ဆင်းရဲနွမ်းပါးမှုများပြားလာခြင်းများ စသည့်လူနေမှုအဆင့်အတန်းများ ကွဲပြားပြီး လူတန်းစားကွာဟမှုပြဿနာများနှင့်လည်း ရင်ဆိုင်လာကြရကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် အဆိုပါပြဿနာများ ပိုမိုဖြစ်ပွားလာသည်ကို မိမိတို့ မျက်မြင်တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူဦးရေဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအများစုတွင် မွေးဖွားနှုန်းသိသိသာသာကျဆင်းလာခြင်းကြောင့် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အားရှားပါးခြင်းများ၊ သက်ကြီးရွယ်အိုများပြားလာခြင်းများနှင့်ရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် မွေးဖွားနှုန်းမြင့်မားခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများပြားခြင်း စသည့်ပြဿနာများနှင့်ရင်ဆိုင်နေကြရကြောင်း။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုမရှိခြင်းတို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)ကို ချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံအလိုက်ကြုံတွေ့နေရသည့်ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ အချိန်မီကုစားရန်လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ထိရောက်စွာအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၆ သို့♦**

**❖ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်ဖြစ်၊ ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်၊ နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါအချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်. . .**

**❖ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများချမှတ်နိုင်ရန်နှင့်စီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်သည့်လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များပံ့ပိုးပေးနိုင်မည်ဖြစ်. . .**





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**❖ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်းလိုအပ်၊ ယခုလိုလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လိုအပ် . . .**

♦ စာမျက်နှာ ၅ မှအဆက်

ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်ကြောင်း၊ ထို့ကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါအချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂကလည်း လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကိုးကားဆောင်ရွက်ရန် နိယာမများနှင့် အကြံပြုချက်များ (Principles and Recommendations) များကိုလည်း ထုတ်ပြန်ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အသေးငယ်ဆုံး အုပ်ချုပ်မှုနယ်မြေအဆင့်အထိ နယ်မြေဒေသအလိုက်လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများကသာ ရရှိနိုင်မည်ဖြစ်သည့်အတွက် လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီ ကောက်ယူတော့မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းကို အနည်းငယ်ပြောကြားလိုကြောင်း၊ သန်းခေါင်စာရင်း၏ထူးခြားသည့်ဝိသေသလက္ခဏာတစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများချမှတ်နိုင်ရန်နှင့်စီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများစသည့် အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်း၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း စသည်များကို ထိထိရောက်ရောက်စီမံခန့်ခွဲရန် မရှိမဖြစ်လိုအပ်သည့်အခြေခံအချက်အလက်များပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်တို့တွင် ၁၀ နှစ်ခြား တစ်ကြိမ်စီဖြင့် (၈)ကြိမ်ကောက်ယူခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါသန်းခေါင်စာရင်းအချက်အလက်တချို့ကို ယနေ့အထိ ကိုးကားအသုံးပြုနေရဆဲဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်းတွင် နိုင်ငံတော်အတွက် လိုအပ်နေသည့်စာရင်းအင်းဆိုင်ရာအချက်အလက်အတော်များများကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲသည့်နေရာတွင် အသုံးပြုခဲ့ပြီး နှစ်စဉ်နိုင်ငံ၏ခန့်မှန်းလူဦးရေစာရင်းကိုလည်း အနီးစပ်ဆုံးခန့်မှန်းတွက်ချက်ထုတ်ပြန်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နောက်တစ်ကြိမ် သန်းခေါင်စာရင်းမကောက်ယူမီအချိန်တွင် ကြားကာလပြောင်းလဲလာသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကိုသိရှိရန်၊ နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူထုတ်ပြန်ပေးခဲ့ရာ ယခုအချိန်အထိ အသုံးဝင်နေဆဲဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကို (၁၀)နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံ၏ခန့်မှန်းလူဦးရေစာရင်းများခိုင်မာမှုရှိစေရန်အတွက်လည်းကောင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့်သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် အခြေခံအချက်အလက်များရရှိစေရန်လည်းကောင်း ရည်ရွယ်ပြီး မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒတွေချမှတ်ရန်အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ရရှိနိုင်မည့်တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရွေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့်မဲစာရင်းမှန်ကန်စေရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ကို **"ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်ကစောင့်ရှောက်ကြ" "Helping vulnerable populations in emergencies"** ဟု သတ်မှတ်ထားကြောင်း၊ အဆိုပါဆောင်ပုဒ်ချမှတ်ရခြင်းသည် ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့်ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးကြောင့် အရေးပေါ်အခြေအနေများကို လူသားများကြုံတွေ့ခံစားနေကြရကြောင်း။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများက ပိုမိုထိခိုက်ခံစားကြရကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များ၊ ပဋိပက္ခများဖြစ်ပေါ်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ခုခံနိုင်စွမ်းနည်းသည့်အပြင် သူတို့၏သီးသန့်လိုအပ်ချက်များသည်လည်း လျစ်လျူရှုခြင်းခံရလေ့ရှိကြောင်း၊ သူတို့၏ဘဝလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် ကျန်းမာရေးများကို ဆောင်ရွက်ပေးခြင်းသည် မိသားစုနှင့်လူမှုအသိုင်းအဝိုင်း၏ကောင်းကျိုးကို ဖြည့်ဆည်းပေးခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတကာသတင်းအချက်အလက်များအရ ဘေးဥပဒ်ကျရောက်နေသူများထဲတွင် လူငယ်များစွာပါဝင်နေသည်ဟုသိရကြောင်း၊ နိုင်ငံတချို့တွင်ဘေးဥပဒ်ကျရောက်နေသူများ၏သုံးပုံနှစ်ပုံခန့်သည် အသက်(၂၅)နှစ်အောက် လူငယ်များဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းကျောင်းမနေသည့် လူငယ်တစ်ဝက်ခန့်တွင် ပဋိပက္ခဖြစ်နေသည့်နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့ခဲ့ရသည့်နိုင်ငံများက ဖြစ်နေသည်ကို တွေ့ရပါကြောင်း။

လူငယ်များသည် နိုင်ငံတော်၏အနာဂတ်၊ နိုင်ငံ၏အင်အားများဖြစ်ခြင်းကြောင့် ကလေးများ၊ အမျိုးသမီးငယ်များ ကျောင်းပညာသင်ကြားခွင့်မရခဲ့ပါက သို့မဟုတ် သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက ၎င်းတို့တစ်ဦးချင်းအတွက်သာမက ၎င်းတို့ပတ်ဝန်းကျင်နှင့် နိုင်ငံ့၏အနာဂတ်သည်လည်း အားနည်းချက်များ၊ လိုအပ်ချက်များရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိခိုက်လွယ်သူများကို အားလုံးက ကူညီဖေးမစောင့်ရှောက်ပေးရန်လိုအပ်သကဲ့သို့ ဒေသန္တရအစိုးရအဖွဲ့အစည်းများကလည်း အရေးပေါ်စီမံခန့်ခွဲမှုအစီအမံများ ပြင်ဆင်ထားရန်လိုအပ်ကြောင်း။

ထို့ကြောင့် အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်ကြောင်း၊ ယခုလိုလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကိုမဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကို တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏မှတ်တိုင်တစ်ခုဖြစ်လာမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" "A nation-wide census, let us all participate"**ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၁၁

# မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လက်ခံတွေ့ဆုံ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့်ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ထူးချွန်ဆုရဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ထူးချွန်ဆုရဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီအတွက် ဘဝရည်မှန်းချက်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်သည့် လိုအပ်ချက်ဖြစ်ကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သဖြင့် ပညာရေးကို တိုးတက်အောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ထက်မြက်စွာ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအနေနှင့် ပညာရည်မြင့်မားတိုးတက်ပြီး အနာဂတ်မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုနိုင်မည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်ကြပါစေကြောင်းနှင့် ထူးချွန်ဝန်ထမ်းများအနေဖြင့်လည်း ကျရာတာဝန်ကျေပွန်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ၅ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ၅ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း၊ ဌာနအကြီးအကဲများက ၄ ဘာသာဂုဏ်ထူး၊ ၃ ဘာသာဂုဏ်ထူး၊ ၂ ဘာသာဂုဏ်ထူးနှင့် ၁ ဘာသာဂုဏ်ထူး တို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရ ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးရှင်လေးဦး၊ ၅ ဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင်လေးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် လေးဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁၃ ဦး စုစုပေါင်း ၁၅၄ ဦးနှင့်ထူးချွန်ဝန်ထမ်း ၁၈ ဦးတို့ကို ဝန်ကြီးဌာနမှ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင်ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှမောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

နေပြည်တော် ဇူလိုင် ၁၁

# မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(စတုတ္ထအကြိမ်)ပိတ်ပွဲကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(စတုတ္ထအကြိမ်)ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်က မဲစာရင်းများပြည့်စုံမှန်ကန်စွာဆောင်ရွက်နိုင်စေရန် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့သည်မှာ ယခုဆိုလျှင် စတုတ္ထအကြိမ်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှရရှိသည့် နည်းလမ်းများ၊ အကြံဉာဏ်များဖြင့် မဲဆန္ဒရှင်စာရင်းပြုစုရာ၌ အင်တိုက်အားတိုက် မှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆွေးနွေးပွဲကရရှိသော အတွေ့အကြုံများကို အခြားဝန်ထမ်းများအား ပြန်လည်မျှဝေလက်ဆင့်ကမ်းပေးရန်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်တိကျရေးကော်မရှင်အဖွဲ့ခွဲအသီးသီး၏စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးသာမက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းများပြည့်စုံမှန်ကန်ရေးသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် အလေးအနက်ထား ဂရုတစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့်ဘက်လိုက်မှုမရှိဘဲ အများကယုံကြည်လက်ခံသည့်လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဝန်ထမ်းများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝမ်းချုပ်ခြင်းနှင့် သွားနာ သွားကိုက်ရောဂါ

ကြည်လွင်မြင့်(မုဒြာ)

သွားနာ၊ သွားကိုက်ဝေဒနာသည် သာမန်ဟုထင်ရသော်လည်း အမှန်တကယ်ဖြစ်လာလျှင် အလုပ်အကိုင်ပျက်အောင် ဒုက္ခပေးသောဝေဒနာမျိုးဖြစ်ကြောင်း ခံစားဖူးသူတိုင်း သိကြပေမည်။ သွားနာခြင်းကိုဖြစ်စေသော အကြောင်းများစွာရှိသော်လည်း လူအများသတိမထားမိကြသည်မှာ သွားနာ၊ သွားကိုက်ခြင်းသည် ဝမ်းချုပ်ခြင်းနှင့်ဆက်စပ်နေခြင်းဖြစ်သည်။

သွားကိုက်ဝေဒနာခံစားရသူတစ်ဦးသည် သွားဆရာဝန်ထံပြသပြီး သွားနုတ်လိုကြောင်းပြောသည်။ သွားဆရာဝန်က စစ်ဆေးပြီး သွားဖုံးနှင့် သွားခြေများရောင်နေသဖြင့် သွားကိုက်ခြင်းဖြစ်ကြောင်း၊ သွားမှာအကောင်းကြီးရှိနေသေးသဖြင့် နုတ်ပစ်ရန် မသင့်ကြောင်း၊ အရောင်ကျစေမည့် သောက်ဆေး၊ ငုံဆေးများပေးပြီး ပြန်လွှတ်လေ့ရှိကြောင်း သိရသည်။

သွားပညာရှင်များက သွားများကို နတ်သစ်မြစ်များဟု တင်စားပြောကြသည်။ ငယ်စဉ် အသက်ခုနစ်နှစ်ခန့်က တစ်ကြိမ် ငယ်သွားများလဲပြီးနောက် အသစ်ပြန်ပေါက်လာသောသွားများသည် ဘဝတစ်သက်တာသုံးစွဲရန်ဖြစ်သည်။ ကျိုးသွားလျှင်၊ နုတ်ပစ်လိုက်လျှင် နောက်ထပ် အသစ်ပြန်ပေါက်မလာတော့ပေ။ ထို့ကြောင့် သတိနှင့်ယှဉ်ပြီး သုံးစွဲရမည့်အရာဖြစ်သည်။

"ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်"ဟု ဆိုသော ရှေးစကားပုံမှာ ဘေးအန္တရာယ်ကို ကြည့်ရှောင်ရန်ပြောခြင်းဖြစ်သော်လည်း သွားများ အရွယ်မလွန်မီ မပျက်စီးရအောင် မာကျောသောအရာများစားခြင်းမှ ရှောင်ကြဉ်လျှင် သွားကို သက်တမ်းစေ့သုံးစွဲရမည်ဖြစ်သည်။ ကွမ်းစားသူများသည် မာကျောသော ကွမ်းသီးစိတ်များကို ကိုက်ရသဖြင့် သွားအပေါ်ယံကြွေလွှာများ အက်ကွဲပြီး သွားအခေါင်းပေါက်ဖြစ်ကာ ပိုးဝင်ပြီး သွားကိုက်၊ သွားနာရောဂါဖြစ်နိုင်သည်။

" သွားကိုက်ခြင်းသည် သွားပိုးစားခြင်း၊ သွားအခေါင်းပေါက်ရှိခြင်းတို့ကြောင့် မဟုတ်လျှင် သွားအခြေရှိ အာရုံကြောများရောင်ခြင်းကြောင့် ဖြစ်နိုင်သည်။

သွားအခြေရောင်သောအဆင့်ရောက်လျှင် ဝမ်းနုတ်သင့်သည်။ ဆားကို ခပ်နွေးနွေးရေနွေးဖြင့်ဖျော်ပြီး အာလုတ်ကျင်းပေးခြင်းဖြင့်လည်း သွားကိုက်ခြင်းကို သက်သာစေနိုင်သည်။ ဆားသည် အပုပ်ကိုနိုင်သည်။ သွားကိုက်ပါက ပြင်းထန်သောဝမ်းနုတ်ဆေးများမသုံးစွဲဘဲ ဆားခါးတစ်ဇွန်းနှင့်ရှောက်ရည်သုံးဇွန်းရောစပ်သောက်လျှင် ဝမ်းလည်းမှန်၊ အပူအပုပ်များလည်း အောက်သို့ကျစေနိုင်သည်. . ."

သွားဖုံးကြွပြီး သွားခြေရောင်ခြင်းသည် နှစ်ရှည်စားသောက်လာသောအစာများမှ ချိုးများမှာ သွားအခြေတွင်ကပ်ပြီး ကျောက်တည်သကဲ့သို့ဖြစ်ကာ သွားဖုံးကို စူးသောကြောင့်ဖြစ်သည်။ သွားဆရာဝန်များကိုပြလျှင် ထိုချိုးများကို စက်ကိရိယာဖြင့် ခြစ်ထုတ်ပေးလေ့ရှိသည်။

**သွားကိုက်၊ သွားနာရောဂါရှိသူများ အထူးသတိပြုသင့်သည့်အချက်မှာ ဝမ်းချုပ်ခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်းသည် အစာမကြေခြင်းကြောင့်ဖြစ်သည်။ အသက်ကြီးသူများတွင် အစာမကြေခြင်းမှာ သွားမကောင်းခြင်းကြောင့်ဖြစ်သည်။**

စားသမျှ အာဟာရတို့သည် အူမကြီးအဆုံးသို့ရောက်သောအခါ စုပုံပြီး ရှေ့က အစာဟောင်းမထွက်သွားလျှင် နောက်အစာဟောင်းမှာ အချဉ်အသိုးကဲ့သို့ဖြစ်ကာ အငွေ့ထွက်လာသည်။ ထိုအငွေ့သည် အပုပ်ဖြစ်သည်။ အငွေ့မှသယ်ဆောင်လာသော အပုပ်သည် အထက်သို့ပြန်လည်တက်ကာ အာခံတွင်းအထိ ရောက်သည်။ သွားများနှင့် သွားဖုံးများ၏အခြေသည် ထိုအပုပ်ငွေ့ဒဏ်ကြောင့်ပင် ရောင်တင်းခြင်း၊ ဖောင်းကြွခြင်းဖြစ်ကာ သွားအခြေအမြစ် အာရုံကြောများရောင်သည့်အခြေအနေထိ ဖြစ်တော့သည်။

သွားကိုက်ခြင်းသည် သွားပိုးစားခြင်း၊ သွားအခေါင်းပေါက်ရှိခြင်းတို့ကြောင့်မဟုတ်လျှင် သွားအခြေရှိ အာရုံကြောများရောင်ခြင်းကြောင့် ဖြစ်နိုင်သည်။

သွားအခြေရောင်သောအဆင့်ရောက်လျှင် ဝမ်းနုတ်သင့်သည်။ ဆားကို ခပ်နွေးနွေးရေနွေးဖြင့်ဖျော်ပြီး အာလုတ်ကျင်းပေးခြင်းဖြင့်လည်း သွားကိုက်ခြင်းကို သက်သာစေနိုင်သည်။ ဆားသည် အပုပ်ကိုနိုင်သည်။ သွားကိုက်ပါက ပြင်းထန်သောဝမ်းနုတ်ဆေးများ မသုံးစွဲဘဲ ဆားခါးတစ်ဇွန်းနှင့် ရှောက်ရည်သုံးဇွန်းရောစပ်သောက်လျှင် ဝမ်းလည်းမှန်၊ အပူအပုပ်များလည်း အောက်သို့ကျစေနိုင်သည်။

ညအိပ်ရာဝင်ချိန် မန်ကျည်းဖျော်ရည်သောက်ခြင်းဖြင့်လည်း အထက်သို့ အပူအပုပ်တက်ခြင်းကို တားဆီးနိုင်သည်။ ဓာတ်စာအနေဖြင့် ငှက်ပျောသီးဖီးကြမ်းကို နေ့စဉ်မှန်မှန် နှစ်လုံးခန့်စားသုံးပေးလျှင်လည်း ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းများကို သက်သာစေနိုင်သည်။ ပဲရာဇာဟင်းချိုကို နေ့စဉ်သောက်ပေးခြင်းဖြင့်လည်း ဓာတ်ချုပ်ခြင်းကို ကာကွယ်နိုင်သည်။

မန်ကျည်းရွက်၊ ကန်စွန်းရွက်ချဉ်ရည်ဟင်းများ ချက်စားခြင်းဖြင့်လည်း ဝမ်းမှန်စေနိုင်သည်။ တချို့သွားနာပြီး သွားအခြေယိုင်နဲ့ကာ နုတ်ရမည့်အခြေအနေရောက်နေသူများပင် ဝမ်းမှန်မှန်သွားအောင် ဓာတ်စာဖြင့် ပြုပြင်ပေးသောအခါ သွားနာသက်သာပြီး နဲ့နေသောသွားမှာ ပြန်ခိုင်သွားသူများ တွေ့ကြုံရဖူးသည်။ အညောင်းထိုင်ခြင်းများကို လျှော့ပြီး လမ်းမှန်မှန်လျှောက်ပေးခြင်းဖြင့်လည်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မျှတကာ ကျန်းမာရေးကောင်းလာစေနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ကျောက်ဆည်၊ လူငယ်ရေးရာ

## ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးအတွက် လူငယ်စကားဝိုင်းကျင်းပ



ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အသိပညာ ဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ဇူလိုင်လ ၁၀ ရက်က ကျောက်ဆည်မြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေသရဖီခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်ပညာရေးမှူး ဦးအေးလင်းက အမှာစကားပြောကြားပြီးနောက် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေး ဦးဆောင်ပြီး Grade-11 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ခန့်ကိုကိုထွန်းက ရှောင်လေဝေးဝေး မူးယစ်ဆေး၊ မအိမ့်သက်ဖြူက ပညာသည်သာ ဘဝရှေ့ဆောင်၊ မထားသီရိအောင်က စည်းကမ်းဟူသည် လူ့တန်ဖိုး၊ မကဗျာဦးက ကိုယ်ကျင့်သီလ သင်တိုင်းလှ၊ မောင်အေးချမ်းဇော်က စာပေစွမ်းပကားတိုင်းပြည်အင်အားခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၆၉၅ ဧက စိုက်ပျိုးပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံမြေပဲ ၆၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောဆိုချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၆၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၆၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ဆီထွက်သီးနှံမြေပဲကို ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ တစ်မြို့နယ်လုံး မြေပဲ ၁၆၆၁ ဧက စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ လက်ရှိအချိန်ထိ ၆၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးကြဖို့နဲ့ တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီစေဖို့အတွက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရေးနှင့် စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဈေးကွက်ရှိသည့် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။

ထိုသို့ ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် ဒေသခံတောင်သူများက သီးနှံအလိုက် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် စနစ်တကျစိုက်ပျိုးဆောင်ရွက်ကြသည့်အတွက် သီးနှံစိုက်ခင်းများ အောင်မြင်ပြီး တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

နေပြည်တော် ဇူလိုင် ၁၁

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၄ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးလျှောက်ထားပြီး မင်္ဂလာသုခကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

နေပြည်တော် ဇူလိုင် ၁၁

## မြစ်ရေကြီးမှုအခြေအနေ

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခွဲကျော်ခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခွဲကျော်ခန့် (၁၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၈ ပေခွဲခန့် (၂၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၉ ပေခွဲခန့် (၂၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခန့် (၂၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေကျော်ခန့် (၁၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

---

## ဝါလအဝင် လှူဒါန်းချင်

➢ ဝါအဝင် ဒီကာလ
မိုးဦးကျ ပြည်တစ်ခွင်။
မြသားရောင် တို့လယ်တော
သာမောလို့ပင်။
စိမ်းစိုမြ လယ်ကွင်းပြင်
တို့ပြည်တွင် လွန်စွာများ။
စပါးဆန် ဖူလုံရေး
မြော်တွေးအားထား။
➢ ဝသန္တ ရာသီခါ
များသံဃာ နယ်အများ။
ဆွမ်းဆေးစုံ မြတ်သက်န်း
လှူဒါန်းလို့ထား။
စေတနာ သဒ္ဓါပွား
မြတ်ဘုရား ဒေသနာ။
လမြတ်ခါ ဝါဆိုရောက်
ဆောက်တည်ကြတာ။
➢ အာသဠ္ဍီ စန်းနက္ခတ်
ကရကဋ် လရာသီ
မြတ်လေးရယ် ပုန်းညက်ပန်း
ပွင့်လန်းလေပြီ။
အဆင်းလှ မြန်မာပြည်
သာယာသည် ဝါဆိုလ။
မျိုးဘာသာ ရောင်စုံတောက်
ဖြိုးမောက်သာစွ။ ။

**ရွှေလက်ပံ(မဲဇလီ)**




---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မက်ဒရစ်၊ ဘောလုံး

## ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းရှင်အဖြစ် စပိန်အသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်မှတ်တမ်းဝင်

စပိန်အသင်းလူငယ်တိုက်စစ်ကစားသမား ယာမယ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၁၆ နှစ်အရွယ် ယာမယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းတွင် နည်းပြဇာဗီ၏ယုံကြည်မှုနှင့်အတူ လူငယ်အသင်းမှ အသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိပြီးနောက် အဓိက ကစားသမားအဖြစ် ပါဝင်ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ယာမယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ အထိ ပါဝင်ခွင့်ရရှိခဲ့ပြီး ခုနစ်ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်ပြီးနောက် ၂၀၂၃ ခုနှစ်မှစတင်ကာ စပိန်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။



ယာမယ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း စပိန်အသင်း၌ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့ပြီး အသင်းဖော် နီကိုဝီလီယံနှင့်အတူ အကောင်းဆုံးတွဲဖက်ပြီးခြေစွမ်းပြနိုင်ခဲ့ကာ စပိန်အသင်းက ပြင်သစ်အသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင်လည်း ပွဲချိန် ၂၁ မိနစ်တွင် လှပသည့်အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ယာမယ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သူနှင့် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်တွင် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့်အတွက် ပွဲစဉ်အလိုက် အသက်အငယ်ဆုံး၊ အကောင်းဆုံးကစားသမားဆုရရှိသူအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➤ စီးရီးအေကလပ် နာပိုလီအသင်းသည် တစ်ရက်အတွင်း ရိုးမားအသင်း ခံစစ်ကစားသမား စပင်နာဇိုကိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်လည်းကောင်း၊ ရီးယဲလ်မက်ဒရစ်အသင်းမှ မာရင်ကိုအား ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့်လည်းကောင်း ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

➤ အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမားကော်တင်ဟိုသည် ၎င်း၏ကစားသမားဘဝစတင်ခဲ့ရာ ဘရာဇီးကလပ် ဗက်စကိုဒဂါးမားအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့နိုင်ခဲ့ပြီဟု အတည်ပြုပြောကြားခဲ့သည်။

➤ တူကီယဲကလပ်အသင်းဖြစ်သည့် ဖီနာဘာချီအသင်းက နည်းပြမော်ရင်ဟို စိတ်ကြိုက်ကစားသမားတစ်ဦးဖြစ်သည့် အယ်အာလီအသင်းမှ စိန့်မက်ဆီမန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ပြီး စိန့်မက်ဆီမန်အနေဖြင့် ဖီနာဘာချီအသင်းတွင် လုပ်ခလစာလျှော့ယူရမည်ဖြစ်ကြောင်း သိရသည်။

➤ ဒေါ့မွန်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက စတုဂတ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် တိုက်စစ်မှူးဂူယာစီကို ခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

မန်ချက်စတာ၊ ဘောလုံး

## မန်ယူအသင်းတောင်ပံကစားသမား ဂရင်းဝုဒ်ကို မာဆေးလ်အသင်းထံ ခေါ်ယူခြင်းမပြုလုပ်ရန် တားမြစ်မှုများပြုလုပ်ထား

မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဂရင်းဝုဒ်ကို မာဆေးလ်အသင်းထံ ခေါ်ယူရန်သဘောတူညီမှုရရှိထားသော်လည်း မာဆေးလ်မြို့တော်ဝန်က မာဆေးလ်အသင်းမှ တာဝန်ရှိသူများကို တားမြစ်မှုပြုလုပ်ထားကြောင်း သိရသည်။

ဂရင်းဝုဒ်သည် မန်ယူအသင်းတွင် ကစားစဉ်က ၎င်း၏ချစ်သူကို နေအိမ်အကြမ်းဖက်မှုလုပ်ဆောင်ခဲ့သည့်အတွက် အမှုရင်ဆိုင်ခဲ့ရသောကြောင့် အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ခံခဲ့ရပြီး အမှုမှကင်းလွတ်ခွင့်ရရှိခဲ့သော်လည်း မန်ယူအသင်းက အသင်းထံ ခေါ်ယူခြင်းမရှိဘဲ ပြီးခဲ့သည့်ဘောလုံးရာသီက ဂီတာဖေးအသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် လက်ရှိ မာဆေးလ်အသင်းနည်းပြ ဒီဇာဘီက အသင်းထံခေါ်ယူလိုသည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းက ကမ်းလှမ်းမှုများပြုလုပ်ရာမှ သဘောတူညီမှုရရှိထားပြီး မကြာမီ စာချုပ်ချုပ်ဆိုမည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အတွက် မာဆေးလ်မြို့တော်ဝန်ဖြစ်သူက သတိပေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မာဆေးလ်မြို့တော်ဝန်က ဂရင်းဝုဒ်၏လုပ်ရပ်ကို မိမိတို့အနေဖြင့် ခွင့်လွှတ်နိုင်မည်မဟုတ်သည့်အတွက် မာဆေးလ်အသင်းထံခေါ်ယူမှုကို တားမြစ်သွားမည်ဟု အသင်းထံသတိပေးခဲ့ပြီး မကြာမီ အသင်းတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

*Ref;CBS Sports*

ဗျူနိုအေးရိစ်၊ ဘောလုံး

## ကိုပါအမေရိကဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပြိုင်ပွဲအကြိမ်ရေအများဆုံးဂိုးသွင်းသူအဖြစ် စံချိန်တင်ထားသည့် ဇီဇင်ညို၏စံချိန်ကို မက်ဆီလိုက်မီ



အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီသည် ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ကနေဒါအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ကိုပါအမေရိကဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပြိုင်ပွဲအကြိမ်ရေအများဆုံးဂိုးသွင်းသူအဖြစ် စံချိန်တင်ထားသည့် ဘရာဇီးအသင်းကစားသမားဟောင်း ဇီဇင်ညို၏စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားအသင်းက ကနေဒါအသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် မက်ဆီသည် ပွဲချိန် ၅၁ မိနစ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ကိုပါအမေရိကဖလား သမိုင်းတစ်လျှောက် ပြိုင်ပွဲခြောက်ကြိမ်တွင် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ခြင်းဖြစ်သည်။

ကိုပါအမေရိကဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ပြိုင်ပွဲခြောက်ကြိမ်တွင် ဂိုးသွင်းယူခဲ့ပြီး ပြိုင်ပွဲအကြိမ်ရေအများဆုံးဂိုးသွင်းသူအဖြစ် စံချိန်တင်ထားသည့် ဇီဇင်ညို၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဇီဇင်ညိုသည် ဘရာဇီးအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ၁၉၄၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ပြိုင်ပွဲခြောက်ကြိမ်တွင် ဂိုးသွင်းယူနိုင်ခြင်းဖြစ်ပြီး ယခုအခါ မက်ဆီကလည်း ၂၀၀၇ ပြိုင်ပွဲ၊ ၂၀၁၅ ပြိုင်ပွဲ၊ ၂၀၁၇ ပြိုင်ပွဲ၊ ၂၀၁၉ ပြိုင်ပွဲ၊ ၂၀၂၁ ပြိုင်ပွဲနှင့် ယခု ၂၀၂၄ ပြိုင်ပွဲတို့တွင် ဂိုးသွင်းယူပြီး မှတ်တမ်းကောင်းတစ်ရပ်ရရှိကြောင်း သိရသည်။ *Ref;ESPN*

နေပြည်တော် ဇူလိုင် ၁၁

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရန် **"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ဟူသည့် လူမှုရေးဦးတည်ချက်ပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော ပညာတတ်များစွာပေါ်ထွန်းလာရေး အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင်ခုနစ်ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၂၇ ဦးတို့ကို **"ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း"** ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် **"ယနေ့လူငယ် နောင်ဝယ်လူကြီး"** ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သောလူတော်လူကောင်းများဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာကြစေရေး ကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သောကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအတွက် ဝန်ထမ်းတစ်ဦးကလည်းကောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးကလည်းကောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၁၆၁၇၇ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ၊ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၂၇ ဦးကို ဂုဏ်ပြုလွှာနှင့်ဆုငွေများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

# မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား လာရောက်တွေ့ဆုံ



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန်ထုတ်လွှင့်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင်လ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဇူလိုင် ၁၁

# ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီး၏ ဝိနည်းတော်စာပြန်ပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို



ဆဋ္ဌမအကြိမ်မြောက် အဘိဝိနယာစရိယ စာတော်ပြန်ပွဲ စာအောင်အရှင်သူမြတ်များ အောင်လက်မှတ် ဆက်ကပ်လှူဒါန်းခြင်း ဂုဏာပူဇာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီး၏ပဓာနဦးဆောင်ဆရာတော် ကော့ကရိတ်မြို့ ကော့ဝါလဲကျေးရွာ အေးချမ်းသာယာဆရာတော် ဘဒ္ဒန္တကဝိနန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီး၏နာယကဆရာတော် တောင်တွင်းကြီးမြို့ ဆတ်သွားကျေးရွာ ဂန္ဓာရုံဘုံကျော်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသက သာရဏီယဩဝါဒကထာမြွက်ကြားချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း ဥက္ကဋ္ဌက ဖြေဆိုအောင်မြင်မှု အခြေအနေများကိုလည်းကောင်း လျှောက်ထားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဘိဝိနယာစရိယ စာတော်ပြန်ပွဲ စာအောင်အရှင်သူမြတ်များအား အောင်လက်မှတ်များဆက်ကပ်ပြီး ဘွဲ့နှင်းနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရန်အောင်မြင်ကျောင်း ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တခေမာနန္ဒထံမှ အနုမောဒနာတရားနာကြားကြသည်။

ယနေ့ကျင်းပသော ဆဋ္ဌမအကြိမ် အဘိဝိနယာစရိယစာတော်ပြန်ပွဲကို ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရေး စောင့်ရှောက်ထိန်းသိမ်းရာတွင် ဝိနယဂရုကလဇ္ဇီ ပေသလ သိက္ခာကာမ အရှင်သူမြတ်များစွာပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ခက်ခဲနက်နဲသည့် ဝိနည်းအဆုံးအဖြတ် မေးခွန်းများကို ကျမ်းပြုစုရသည့်ပမာဖြေဆိုစေခြင်းမှ အောင်မြင်တော်မူခဲ့သော စာအောင်အရှင်သူမြတ်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်း ဂုဏာပူဇာအခမ်းအနား၌ ပထမအဆင့်တွင် ရဟန်း ၁၆ ပါး၊ သာမဏေနှစ်ပါး၊ ဒုတိယအဆင့်တွင် ရဟန်းနှစ်ပါး၊ သာမဏေတစ်ပါးနှင့် တတိယအဆင့်တွင် ရဟန်းတစ်ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၁၁

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် Japan Myanmar Association (JMA)တို့ ပူးပေါင်းဖွင့်လှစ်မည့်သင်တန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ သင်တန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်မှုများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပရဟိတ(ကျားကျောင်း)နေရာဟောင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းခွဲသို့ ရောက်ရှိ၍ သင်တန်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိရမည့်ကိစ္စရပ်များအား မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၃)အတွင်း ငါးမွေးမြူရေးကန်များဆောင်ရွက်ထားရှိသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၁-၇-၂၀၂၄)၊ ည (၈း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၀-၇-၂၀၂၄) ရက်နေ့ ည (၆း၀၀)နာရီမှ (၁၁-၇-၂၀၂၄)ရက်နေ့ ည (၆း၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ်(၈၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၁)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၁-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၃၃)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၁-၇-၂၀၂၄) ရက်နေ့ ညနေ (၆း၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာ စုစုပေါင်း (၂၅၀)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စံပြကျောင်းများဖြစ်ပါစေ

❖ စံပြကျောင်းတစ်ကျောင်းသည် ပညာရေးတွင် ထူးချွန်ထက်မြက်သော လူရည်ချွန်လူရည်မွန်များ မွေးထုတ်ပေးနိုင်ရသည်။ တက္ကသိုလ်ဝင်တန်းအောင်ချက်ကောင်းသော၊ ဂုဏ်ထူးရှင်ကျောင်းသားများ မွေးထုတ်ပေးနိုင်သော၊ ဘက်စုံလူရည်ချွန်များ မွေးထုတ်ပေးနိုင်သောကျောင်းဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းပြနိုင်ရမည်။ ပညာရေးတွင် ကျောင်းနေပျော်၍ စာတော်ရမည်ဟူသောအချက်သည် အဓိကကျ၍ ဦးစားပေးဆောင်ရွက်ရသည်။

ညွန့်ဝင်း(နတ်တလင်း)

တစ်ခုသော လကုန်အစည်းအဝေးတစ်ခုတွင် စံပြကျောင်းနှင့်စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူးက ကျွန်တော်တို့ကိုမေးပါသည်။ တစ်နည်းအားဖြင့် စံပြကျောင်းအဖြစ် သတ်မှတ်ရာတွင်ပါဝင်ရမည့် စာသင်ကျောင်း၏အင်္ဂါရပ်များ၊ ဆောင်ရွက်ရမည့် အချက်များကိုမေးခြင်းဖြစ်သည်။ ပညာရေးဝန်ထမ်းများသိရှိထားသင့်သော အချက်အလက်များဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်သင့်သောအချက်များလည်း ဖြစ်ပါသည်။ အစည်းအဝေးတက်ရောက်သူ ဆရာ၊ ဆရာမများက ပါဝင်သင့်သည့်အချက်များကို အားလုံးဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ကျွန်တော်တို့ နတ်တလင်းမြို့နယ်တွင် စံပြကျောင်းဆုရရှိထားသော အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းအချို့ကို လေ့လာကြည့်မိသည်။ ကျောင်းသို့ဝင်လိုက်သည်နှင့် ပထမဆုံးတွေ့ရသည်မှာ ကျောင်း၏ ဥပဓိရုပ်ဖြစ်သည်။ ကျောင်း၏ ဥပဓိရုပ်ဆိုသည်မှာ အဆင့်မြင့်အဆောက်အအုံများဆောက်လုပ်ထားခြင်းကို ဆိုလိုသည်မဟုတ်ပါ။ ကျောင်းသည် ကျောင်းနှင့်တူပြီး ခိုင်ခံ့သန့်ရှင်းသပ်ရပ်နေခြင်းကို ဆိုလိုသည်။ ထိုသို့ ခိုင်ခံ့သန့်ရှင်းသပ်ရပ်နေစေရန် အဆောက်အအုံကို အမြဲထိန်းသိမ်းပြုပြင်ရမည်။ ကျောင်းဝင်းသန့်ရှင်းရေးကို နေ့စဉ်စနစ်တကျလုပ်ရမည်။ အမှိုက်စွန့်ပစ်မှုစနစ်ကျရမည်။ စနစ်ကျသောအမှိုက်စွန့်ပစ်ခြင်းဆိုသည်မှာ အမှိုက်အမျိုးအစားအလိုက်ခွဲခြား၍ သန့်ရှင်းရေးပြုလုပ်ခြင်းဖြစ်သည်။ စက္ကူ၊ သစ်ရွက်ကဲ့သို့သော ဆွေးမြည့်လွယ်သည့် အမှိုက်များ၊ ပလတ်စတစ်၊ ကော်နှင့်ဖန်ပစ္စည်းများကဲ့သို့ မဆွေးမြည့်နိုင်သော အမှိုက်များစသည်ဖြင့်ခွဲခြား၍ ဆွေးမြည့်လွယ်သောအမှိုက်များကို သီးသန့်စုကာ မြေမြှုပ်၍ဖြစ်စေ၊ အမှိုက်သိမ်းယာဉ်ပေါ် သီးသန့်စီခွဲခြားတင်၍ဖြစ်စေ စွန့်ပစ်ရမည်။ မဆွေးမြည့်လွယ်သော အမှိုက်များကိုမူ Recycle နည်းကိုသုံး၍ တစ်နည်းတစ်ဖုံ ပြန်လည်အသုံးချနိုင်သည်။ ကော်ပစ္စည်းများ၊ ပုလင်းများ၊ ဘူးများကို အလှဆင်ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခြင်း၊ အခြားအသုံးတည့်မည့်နေရာတွင် ပြန်လည်သုံးစွဲခြင်းပြုနိုင်သည်။

အမှိုက်များသန့်ရှင်း၍ သပ်ရပ်နေသောကျောင်းကို နေချင်စဖွယ် သာယာစေရန် သစ်ပင်ပန်းမန်များ၊ တီထွင်ဖန်တီးမှုအလှများနှင့် တန်ဆာဆင်ရပါမည်။ အရိပ်ရပင်များ၊ လေကာပင်၊ နေကာပင်များကို သူ့နေရာနှင့်သူ စိုက်ပျိုးထားပြီး ကျောင်းဝင်းပန်းခြံကို လှပတင့်တယ်အောင်ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းဖြင့် ရှုမြင်ကွင်းလှပကောင်းမွန်အောင် ပြုလုပ်ရမည်။ ကျောင်းစိုက်ခင်းတွင် ဟင်းသီးဟင်းရွက်များကို အသင်းအလိုက် စနစ်တကျ စိုက်ပျိုးပြုစုစေရမည်။

ကျောင်းတွင် သန့်ရှင်း၍လုံလောက်သော သောက်သုံးရေနှင့်လုံလောက်သော လက်ဆေးရေ၊ သန့်စင်ခန်းသုံးစွဲရေ ရရှိအောင်စီမံထားရမည်။ ကျောင်းကျန်းမာရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး သန့်ရှင်းသောမုန့်ပဲသရေစာများသာ စားသုံးနိုင်အောင် ကျောင်းဈေးတန်းရှိပါက ပုံမှန်စစ်ဆေးကြပ်မတ်ညွှန်ကြား ပညာပေးရပါမည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကူးစက်ရောဂါများမဖြစ်ပွားအောင် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရမည်။ အပတ်စဉ် တစ်ကိုယ်ရေ သန့်ရှင်းရေး စစ်ဆေး၍ လိုအပ်ချက်များကိုညွှန်ကြား ပညာပေးရမည်။ အာဟာရတိုက်ကျွေးခြင်းကိုလည်း ကျောင်း၏စီစဉ်မှုဖြင့်ဖြစ်စေ၊ စေတနာအလှူရှင်ကဖြစ်စေ တိုက်ကျွေးပေးရန်လိုသည်။ အခြားနိုင်ငံများတွင် ကျောင်းသား၊ ကျောင်းသူများအာဟာရပြည့်ဝရေးအတွက် နို့ကိုသတ်မှတ်ရက်အလိုက် တိုက်ကျွေးသည်ဟုသိရသည်။ သန့်ရှင်းသပ်ရပ်စွာ နေထိုင်ပြုမူတတ်သော လူမှုအလေ့အကျင့်များရအောင် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်ပေးပြီး ထိုအလေ့အကျင့်များကို ကျောင်းတည်ရှိရာ ရပ်ရွာဝန်းကျင်သို့ စိမ့်ဝင်ပျံ့နှံ့အောင် ကျောင်းသားမိဘများနှင့် ဆက်စပ်ပညာဖြန့်ဝေရပါမည်။

ကျောင်းဝင်းသည် လုံလောက်သော နယ်နိမိတ်အကျယ်အဝန်းရှိရမည်။ သို့မှသာ စိုက်ပျိုးရန်နေရာ၊ အားကစားကွင်းနေရာများ ထားရှိဆောင်ရွက်နိုင်ပေမည်။ ကျောင်းသား၊ ကျောင်းသူများကို ကစားချိန်၊ ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ချိန် ပုံမှန်ပေးရမည်။ ကိုယ်လက်လှုပ်ရှားမှုသည် ကျန်းမာရေးကို များစွာအထောက်အကူပြုသည့်အပြင် ဉာဏ်စွမ်းပွင့်လန်းမှုကို အားပေးသောကြောင့် ဖြစ်သည်။ နိုင်ငံတော်က ရာသီအလိုက်ကျင်းပပေးသော အားကစားပွဲတော်များတွင် မိမိတို့ကျောင်းက ပါဝင်ဆင်နွှဲနိုင်ပြီး မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ နိုင်ငံတော်အဆင့်အားကစားထူးချွန်သူများ မွေးထုတ်ပေးနိုင်အောင် လေ့ကျင့်ပေးရမည်။ အားကစားကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းဖြစ်သည်ဟူသောအချက်ကို အလေးတစ်မူဆောင်ရွက်ရန်လိုပေသည်။



စံပြကျောင်းသည် စိတ်ဓာတ်ကောင်းမွန်သော၊ စည်းကမ်းလိုက်နာသော လူငယ်မျိုးဆက်သစ်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးနိုင်ရမည်။ စိတ်ဓာတ်နှင့်စည်းကမ်းပြည့်ဝသော ကျောင်းသည် ပညာရေးတွင်လည်း အောင်မြင်မှုရရှိကြောင်း တွေ့ကြရမည်ဖြစ်သည်။ တပည့်များ စည်းကမ်းရှိရန် ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း စည်းကမ်းတိကျစွာလိုက်နာခြင်းဖြင့် စံပြဖြစ်စေရသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝ၍ ဟန်ချက်ညီညီ တိုးတက်စေရန် ဆရာအင်အားနှင့် ကျောင်းသားအင်အား ညီညွတ်မျှတရန်လည်းလိုသည်။ သို့မဟုတ်ပါက စည်းကမ်းပိုင်းရော ပညာသင်ကြားရေးပိုင်းပါ မနိုင်မနင်းဖြစ်ကာ အောင်မြင်တိုးတက်မှုမရနိုင်ဘဲ ရှိတတ်သည်။

စံပြကျောင်းတစ်ကျောင်းသည် ပညာရေးတွင် ထူးချွန်ထက်မြက်သော လူရည်ချွန်လူရည်မွန်များ မွေးထုတ်ပေးနိုင်ရသည်။ တက္ကသိုလ်ဝင်တန်းအောင်ချက်ကောင်းသော၊ ဂုဏ်ထူးရှင်ကျောင်းသားများ မွေးထုတ်ပေးနိုင်သော၊ ဘက်စုံလူရည်ချွန်များ မွေးထုတ်ပေးနိုင်သော ကျောင်းဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းပြနိုင်ရမည်။ ပညာရေးတွင် ကျောင်းနေပျော်၍ စာတော်ရမည်ဟူသောအချက်သည် အဓိကကျ၍ ဦးစားပေးဆောင်ရွက်ရသည်။ ပြဋ္ဌာန်းစာများကို သင်ကြားရုံ၊ ကျက်မှတ်စေရုံ၊ ပြန်လည်ရေးသားစေရုံနှင့်သင်ကြားမှု ရည်ရွယ်ချက်မပေါက်မြောက်ပေ။ ပညာရပ်တစ်ခုတည်းကိုသာ သင်ကြားနေလျှင်လည်း ဘက်စုံဖွံ့ဖြိုးမှုကို ရရှိမည်မဟုတ်ပေ။ ကဏ္ဍစုံပြည့်စုံမျှတအောင် သင်ကြားလေ့ကျင့်ပေးနိုင်မှသာ ဗလငါးတန်နှင့် ပြည့်စုံသောပညာကိုရရှိမည်ဖြစ်သည်။ ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များကသာ အနာဂတ်နိုင်ငံတော်ကို တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ပြုစုပျိုးထောင်နိုင်ရန် ကျောင်းနေပျော်၍ စာတော်သောသူများဖြစ်စေရေးနှင့် ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်စေရေးအတွက် ကျောင်းများက စံပြပြုစုပျိုးထောင်ပေးနိုင်ရမည်။

ထို့ပြင် ကျောင်းများက ရင်သွေးငယ်ကျောင်းသား၊ ကျောင်းသူများကို အရည်အသွေးမြင့်မားလာအောင်၊ တန်ဖိုးမြင့်မားသည့် လူသားမျိုးဆက်များဖြစ်အောင် လေ့ကျင့်ပေးနိုင်ပါသည်။ ကျောင်းများက လေ့ကျင့်သင်ကြားပေးမှုဖြင့် လူ့စွမ်းရည်များဖြစ်သည့် ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးမှု၊ အခြေခံကျန်းမာရေးအသိရှိမှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ခံစားမှုကို ထိန်းသိမ်းစွမ်းရည်မြင့်မားမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ယင်းကို လေးစားတန်ဖိုးထားမှု၊ တစ်ဖက်သားကို စာနာတတ်မှု၊ လိမ္မာယဉ်ကျေးစွာ ပြုမူပြောဆိုမှုနှင့် စိတ်ထားနူးညံ့မှု၊ အနုပညာခံစားလိုစိတ်ဖွံ့ဖြိုးမှု၊ ကျိုးကြောင်းညီညွတ်စွာ အခက်အခဲကို ချဉ်းကပ်ကျော်လွှားနိုင်မှု၊ လူ့အဖွဲ့အစည်း၏ စည်းကမ်းနှင့်ဥပဒေများကို တန်ဖိုးထားလေးစားလိုက်နာမှု၊ မတူကွဲပြားမှုများကို နားလည်လက်ခံပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည်တို့ကို သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်သည်။

စံပြကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများကို ပြည့်ဝဒီမိုကရေစီစိတ်ထားပိုင်ရှင်များဖြစ်အောင် လေ့ကျင့်ပေးရသည်။ ဒီမိုကရေစီသည် ကိုယ်တိုင်ကျင့်နိုင်မှ သူရောကိုယ်ပါရသည့် အလုပ်ဖြစ်သည်။ ကိုယ်မကျင့်ဘဲ မလိုချင်ပါနှင့်ဟု ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်(ငြိမ်း) ဦးသန့်က ဆိုခဲ့သည်။ ထိုဒီမိုကရေစီအလုပ်ကို ကျောင်းများက စံပြလမ်းညွှန်သင်ကြားပေးနိုင်သည်။ ပန်းတနော်မြို့တွင် ဦးသန့် အမျိုးသားကျောင်းအုပ်ကြီးတာဝန်ထမ်းခဲ့စဉ်က "ကျုပ်ကျောင်းက ထွက်သွားတဲ့သူတစ်ယောက်မှ လူဆိုးသူခိုးမဖြစ်စေရဘူး၊ ကျုပ်အာမခံတယ်"ဟု ပြောဆို အာမခံချက်ကို ယနေ့ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ စံထားအတုယူလိုက်နာကျင့်သုံးသင့်ပေသည်။

ကျောင်းများတွင် ကျောင်းကောင်စီကို စနစ်တကျဖွဲ့စည်း၍ ကျောင်းကောင်စီကတိသစ္စာဖြစ်သည့်-

**"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်"**

**"မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်"**

**"မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်"**

**"မိမိတိုင်းပြည်အတွက်ကောင်းအောင် ကြိုးစားမည်"**

ဟူသည့် ကတိသစ္စာ အတိုင်းလိုက်နာကျင့်သုံးနိုင်သူများဖြစ်အောင် ပုံသွင်းပြုပြင်ပေးနိုင်ရမည်။ ပထမဦးစွာ မိမိကိုယ်တိုင်ကောင်းအောင် ကြိုးစားနိုင်ရမည်။ မိမိသာမက မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အထိကောင်းအောင် ကြိုးပမ်းနိုင်သည့်သူများဖြစ်အောင် ကြိုးစားနိုင်ရမည်။ ဤခံယူချက်များကို လေးစားလိုက်နာပြီး တာဝန်ယူစိတ်ရှိသည့် လူငယ်များဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်။ တစ်ပြည်လုံးရှိ ကျောင်းတိုင်းသည် လူငယ်များကို ထိုသို့ စံပြမွေးထုတ်ပေးနိုင်ကြမည်ဆိုလျှင် နိုင်ငံ၏အနာဂတ်သည် ရွှေရောင်အတိလွှမ်းသော လူ့ဘောင်ဘဝကို ပိုင်ဆိုင်လျက် ငြိမ်းချမ်းသာယာမည်မှာ မလွဲပါပေ။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းများအားလုံး စံပြကျောင်းများဖြစ်အောင် ကြိုးစားကြပါဟုသာ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

# ၂၀၂၄ ခုနှစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဦးစွာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ်(၁)၌ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၅၀၀ နှင့် ထိုင်းငါးခုံးမသားပေါက်ကောင်ရေ ၇၅၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ခန့် စိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများက ငါးသားပေါက်များစိုက်ထည့်ပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ငါးသားပေါက်များ ဆက်လက်စိုက်ထည့်ခဲ့ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၊ (B)၊ (C) ရှေ့၌ ရတနာတန်းဝင်အပင်များဖြစ်သည့် ကျွန်းနှင့်ပျဉ်းကတိုးပျိုးပင် ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ပျိုးပင်များဦးဆောင်စိုက်ပျိုးပြီး အရာထမ်း/အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင်သစ်တောများမပြုန်းတီးစေရန်နှင့် ရာသီဥတုကို မျှတကောင်းမွန်စေရန်ရည်ရွယ်၍ WUNNA THEIKDI SPORTS COMPLEX အတွင်း ၂၀၂၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် စိန်တစ်လုံးသရက်ပင် ၅၀၀၊ ၂၀၂၂ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် စိန်တစ်လုံးသရက်ပင် ၆၀၀၊ ၂၀၂၃ ခုနှစ်တွင် တတိယအကြိမ်အဖြစ် စိန်တစ်လုံးသရက်ပင် ၁၃၀၀၊ ယခု ၂၀၂၄ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ကျွန်းပင် ၅၀၀ နှင့်ပျဉ်းကတိုးပင် ၅၀၀ စုစုပေါင်းပျိုးပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချနေမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၁၁**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Mega Ace Hospitality Academy သင်တန်းကျောင်းသို့သွားရောက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်းကို ၂၀၂၃ ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး Food & Beverage Service Course နှင့် Housekeeping Operation Course သင်တန်းနှစ်မျိုးကို စာတွေ့ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့ ၆၀ ရာခိုင်နှုန်းဖြင့် သင်တန်းကာလတစ်လ၊ Internship နှစ်လဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း Food & Beverage Service Course နှင့် Housekeeping Operation Course သင်တန်းတို့အတွက် သင်တန်းသား ၁၁၃ ဦးနှင့် Housekeeping Operation Course ကို သင်တန်းသား ၁၁၁ ဦး သင်ကြားပို့ချပေးနိုင်ခဲ့ပြီး ပြည်ပအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ၃၁ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း သင်တန်းသား ၁၃၀ ကျော် သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားနေသည့်သင်ရိုးညွှန်းတမ်းများသည် ဟိုတယ်လုပ်ငန်းခွင်တွင် မဖြစ်မနေအသုံးချနေသည့် သင်ရိုးညွှန်းတမ်းများဖြစ်သည့်အတွက် ပြည်တွင်း/ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်ဝန်ဆောင်မှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်စေရေးရည်ရွယ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုပ်သားများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ သင်တန်းကျောင်းများမှ မွေးထုတ်လိုက်သည့် သင်တန်းဆင်းများ၏ကျွမ်းကျင်မှုများ တစ်ပြေးညီဖြစ်စေရေး ကျွမ်းကျင်မှုစံများနှင့်အညီ လေ့ကျင့်သင်ကြားနိုင်ရန် သင်တန်းကျောင်းအသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၊ အလုပ်ရှင်နှင့် ကာယကံရှင်လုပ်သားများအတွက် များစွာအကျိုးရှိကြောင်း၊ Mega Ace Hospitality Academy သင်တန်းကျောင်းမှ ဖွင့်လှစ်သည့်သင်တန်းများသည် သင်တန်းသားများအတွက် ပြည်တွင်း/ပြည်ပတွင် အလုပ်အကိုင်ကောင်းများရရှိနိုင်၍ ရည်ရွယ်ချက်ကောင်းမွန်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများသော အခြားဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းအမျိုးအစားများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် သင်တန်းဆင်းများအနေဖြင့် အရည်အသွေးအာမခံချက်ရှိစေရေးအတွက် NSSA အသိအမှတ်ပြုကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခံယူနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ ယခုဖွင့်လှစ်လျက်ရှိသည့် သင်တန်းနှစ်မျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# နိုင်ငံရေးပါတီ (၂၃)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ( ၆ )ရက်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၁၁ )ရက်**

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မြောက်ပိုင်းမဟာမိတ် (၃)ဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း **၁၀၂၇ စစ်ဆင်ရေး**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် MNDAA/TNLA/AA နှင့် ယင်းအဖွဲ့အစည်းများအား ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲထားမှုကို အခွင့်ကောင်းယူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ **၁၀၂၇ ဒုတိယလှိုင်း**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများအား ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

၂။ ယခုအခါ အထက်ပါအကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှ လက်နက်ကြီးများ၊ Drop Bomb များဖြင့်ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိနေပါသည်။

၃။ ကျွန်ုပ်တို့နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိဖြစ်ရပ်များအပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်-

(က) မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်း ချစ်ကြည်ရင်းနှီးစွာ အတူရောနှောပျံ့နှံ့နေထိုင်လေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အထက်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့နှင့် လူမျိုးစုမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ပြောင်းရွှေ့စေခြင်းသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲဖျက်ဆီးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ (၃၅၅)ပါ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်"**ဟူသော ပြဋ္ဌာန်းချက်အား အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

( ခ ) အထက်အပိုဒ်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်ခြိမ်းခြောက်နှင်ထုတ်ခြင်းသည် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၃(၁)ပါ "လူတိုင်းတွင် မိမိ၏ နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်"**ဟူသော ပြဋ္ဌာန်းချက်ကို အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

( ဂ ) ၎င်းအပြင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြိုးကြိုးကြပ်ကွပ်ကဲသူများသည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်းနှင့် နိုင်ငံတကာက လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းတို့ကို ပြုလုပ်နေကြောင်း ရှုမြင်ပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်အမှုဝါဒကို မလိုလား၊ လက်မခံကြသော နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား ကျွန်ုပ်တို့နိုင်ငံရေးပါတီများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA/TNLA/AA နှင့် ၎င်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ်ပူးပေါင်းပါဝင်ကူညီပေးနေကြသောအဖွဲ့အစည်းများအားလုံးကို လုံးဝ(လုံးဝ)လက်မခံ၊ ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံရေးပါတီများ၏ ရှုမြင်သုံးသပ်ချက်များအပေါ် မူတည်၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက အောက်ပါအတိုင်း ပိုမိုအရှိန်မြှင့်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်-

(က) အထက်ပါအကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများအား အကြမ်းဖက်အုပ်စုများအဖြစ် နိုင်ငံတွင်း၌သာမက နိုင်ငံတကာကပါ သိရှိလက်ခံနိုင်ရန် ဆောင်ရွက်ခြင်း။

( ခ ) အထက်ပါအကြမ်းဖက်အဖွဲ့အစည်းများ၏ အဆင့်ဆင့်သောကြိုးကြပ်ကွပ်ကဲသူများအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ကြေညာ၍ အာဆီယံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ဌာနချုပ်တို့နှင့်ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့အချင်းချင်းဆက်သွယ်၍လည်းကောင်း လိုအပ်သလို ကန့်သတ်၊ ထိန်းချုပ်ခြင်းများဆောင်ရွက်ခြင်း။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA/TNLA/AA၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသောအဖွဲ့အစည်းများနှင့် ယင်းတို့၏လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုတရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၁။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၂။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၃။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။

★ ရှေ့ဖုံးမှအဆက်

ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၁၁

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက လွိုင်လင်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄)မျိုးနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၁

# Digital Talent & Career Fair/ Scholarship Program (India) အစီအစဉ် ဖွင့်လှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၌ Digital Talent & Career Fair/ Scholarship Program (India) အစီအစဉ်ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပါရမီလမ်းရှိ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် MDEA ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

အဆိုပါအစီအစဉ်သည် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနနှင့် မြန်မာနိုင်ငံဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းရှင်များအသင်း (Myanmar Digital Economy Association- MDEA) တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံးသော University-Research-Industry (URI) Model ဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ်များမှ နောက်ဆုံးနှစ် ကျောင်းသားများအကြား ဒစ်ဂျစ်တယ်စွမ်းရည်များကို မြှင့်တင်သည့် (၃)လကြာ Internship Program ဖြစ်သည်။ ယင်းတွင် နိုင်ငံ၏ ဒေသအသီးသီးမှ ကျောင်းသား ၈၃ ဦးကို ငွေကြေးကူညီထောက်ပံ့ခြင်းနှင့် ထူးချွန်ကျောင်းသား ၁၀ ဦးကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၌ ဖွင့်လှစ်သော အိန္ဒိယနိုင်ငံအသိအမှတ်ပြု Professional Diploma in Java Programming Course တက်ရောက်ရန် ပညာသင်ဆုချီးမြှင့်ခြင်းတို့ပါရှိသည်။

ယင်းအလုပ်သင်ကာလ သုံးလအတွင်း၌ ကျောင်းသားများ၏ စိတ်ပါဝင်စားမှု၊ ကျောင်းသားများအတွက် အရည်အသွေးဖြည့်ဆည်းရန်လိုအပ်မှုတို့အလိုက် ဆော့ဝဖ့်ဖြိုးတိုးတက်မှု(Software Development)၊ ကွန်ရက်ချိတ်ဆက်မှုဖွံ့ဖြိုးတိုးတက်ရေး (Networking Development) နှင့် ဉာဏ်ရည်တု AI (Artificial Intelligence) အယူအဆများဖြင့် IoT တွင် အသုံးချခြင်းဆိုင်ရာ လက်ဆင့်ကမ်းအတွေ့အကြုံများကို မျှဝေပေးမည်ဖြစ်သည်။

အခမ်းအနားတွင် အလုပ်သင်ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေးသည့် ကုမ္ပဏီ ၁၀ ခုမှ ပြခန်းများပါရှိပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် အင်တာဗျူးများနှင့် Professional Diploma in Java Programming Course (India) အတွက် ပညာသင်ဆုအခွင့်အလမ်းများ စီစဉ်ထားရှိသည်။ အလုပ်သင်ပရိုဂရမ်သည် ပထမဆုံးအကြိမ်စတင်အကောင်အထည်ဖော်ခြင်းဖြစ်ပြီး စဉ်ဆက်မပြတ် စီစဉ်အကောင်အထည်ဖော်မည်ဖြစ်ကာ မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၁

# ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေး

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ စာကြည့်တိုက်များနှင့် ဘာသာရပ်ဆိုင်ရာဌာနများအတွက် အသိပညာ၊ အတတ်ပညာနှင့်ဗဟုသုတများရရှိစေမည့်စာအုပ်စာတမ်းများနှင့် ဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများကို နှစ်စဉ်ပိုမိုဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ၊ သုတေသနသုံးပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးချကြစေလိုကြောင်း၊ တက္ကသိုလ်များ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ကောင်းဖြစ်ရန် အရေးကြီးပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားရာတွင် မိမိတို့၏ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများသာမက ဆက်စပ်ဘာသာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရန်အတွက် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရန် လိုအပ်ကြောင်း၊ စာသင်ကြားရာတွင် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ ထို့ပြင် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကို လိမ္မာယဉ်ကျေးပြီး နိုင်ငံတော်ကို ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်ရှိစေရေး၊ ယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထားတတ်စေရေး၊ ဂါရဝတရား၊ နိဝါတတရားရှိပြီး စိတ်ကောင်းရှိစေရေးနှင့် ကိုယ်ချင်းစာစိတ်များရှိလာစေရေးတို့ကို အလေးအနက်ထားသင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ဝတ်စားဆင်ယင်မှုများနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကို မပျောက်ပျက်စေရန် ထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကြိုးကြာကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မာလာကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ရေကြည်မြို့နယ် အသုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ အနောက်ဘက်ကမ်း အခြေခံပညာမူလတန်းကျောင်း၊ သပြေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဝက်ရုပ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့သွားရောက်ပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြည်မြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းများ၌ စာသင်ဆောင်များလုံလောက်မှုရှိစေရေး၊ ရေသန့်စက်နှင့် ရေလုံလောက်မှုရှိစေရေး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး၊ ကျောင်းပတ်ဝန်းကျင် လုံခြုံစေရန် ခြံစည်းရိုးများစနစ်တကျကာရံရေးတို့ကိုမှာကြားပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ KG တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးသိုင်းချောင်းမြို့ အခြေခံပညာမူလတန်းကျောင်း(ရေတံခွန်) ကျောင်းဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး KG တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ ပေးအပ်သည်။

ထို့နောက် ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့ရောက်ရှိပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ခန်းအတွင်း အေးချမ်းစွာပညာသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၁

# မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်လက်ခံတွေ့ဆုံ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာသည့် အီသီယိုပီးယားနိုင်ငံသားများကို ရှာဖွေကူညီကယ်ဆယ်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ အရေးယူခြင်းမရှိဘဲ ပြည်နှင်ဆောင်ရွက်ပေးမှုအခြေအနေ၊ နှစ်နိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် တရားမဝင်ဝင်ရောက်မှုမရှိစေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ-အီသီယိုပီးယား နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြိတ် ဇူလိုင် ၁၁

# ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပ



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာရှိ ကွင်းအမှတ်(၂၆၅) တောင်သူဦးငွေလွယ်၏ လယ်ယာ ၃ ဧကခန့်၌ ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြိတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သိန်းတင်က တောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လယ်ယာလုပ်ငန်းခွင်အတွင်း အချိန်ကုန်သက်သာ၍ လုပ်သားရှားပါးမှုအခက်အခဲများကို လျှော့ချနိုင်ခြင်း စသည့်အချက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများအနေဖြင့် လက်မှုလယ်ယာမှစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ခေတ်မီစက်ကိရိယာ၊ ကောက်စိုက်စက်တို့ဖြင့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ သရုပ်ပြစိုက်ပျိုးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၅) စက်မှုလယ်ယာစခန်းမှ တာဝန်ရှိသူဝန်ထမ်းများက လယ်ယာသုံး KUBOTA ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို သရုပ်ပြသစိုက်ပျိုးကြရာ အခမ်းအနားတက်ရောက်လာသူများနှင့် ဒေသခံတောင်သူလယ်သမားများက ကြည့်ရှုလေ့လာအားပေးကြကြောင်း သိရသည်။

(၄၁၂)

## “အာဇာနည်ဗိမာန်သို့လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း”

(၁) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှုရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှုရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများစစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်းလိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 11

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador of Federal Democratic Republic of Ethiopia to Myanmar

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials of newly-accredited Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde at the Credential Hall of the Office of the Chairman of the SAC at 10 am this morning.

Then, they frankly discussed diplomatic relations between the two countries, promotion of cooperation in the culture, education, agriculture, health, tourism and sport sectors between the two governments, trade promotion, matters related to promotion of friendship and cooperation between the two countries, political developments and preparations for a free and fair general election in Myanmar.

After the discussions, the Senior General posed for documentary photographs together with the ambassador.

Also present were Joint Secretary Lt-Gen Ye Win Oo of the SAC, Union Minister (2) for the Office of the Chairman of the SAC U Ko Ko Hlaing and Director General U Zaw Tun Oo of the Protocol Department of the Ministry of Foreign Affairs.

**100**



Senior General Min Aung Hlaing receives Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde.



Senior General Min Aung Hlaing poses for a group photo with Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde.

LIVESTOCK

## Authorities to boost soya bean meal production

The Ministry of Agriculture, Livestock and Irrigation will endeavour to reduce soya bean meal import for animal feed year over year and boost domestic production, Deputy Minister Dr Aung Gyi said.

The soya bean meal is utilized for animal feed production as quality vegetable protein. The ministry held a meeting regarding import substitution for the soya bean cake at the No 36 office building in Nay Pyi Taw on 20 June.

He highlighted matters regarding the reduction of soya bean meal import, bolstering domestic production, increase in oil crop plantation, the quality standard for soya bean meal, yearly output for soya bean meal, cut import volume on soya bean meal, self-sufficiency for feedstuff and future plan to have a competitive market for feedstuff. He urged attendees to participate actively in the discussion.

Representatives from institutions concerned and the private sector also talked about the production of oil crops, including soya bean, oil milling process, quality for oil seed cake and food safety measures, upgrading mills and private financing for the development of oilseed cake, support to extend soya bean plantation and coordination to fulfil the requirements in feedstuff production by oil mills. **SK**

AGRICULTURE

## More than 6,000 acres of chickpea harvested in Kawlin District

According to the statistics of Kawlin District Agriculture Department, a total of 6,927 acres of chickpea has been harvested in Kawlin District of Sagaing Region.

Kawlin Township harvested 6,902 acres of chickpea and Wuntho Township, 25 acres, totalling 6,927 acres in 2023-2024 FY.

In 2023-2024 FY, Kawlin District earmarked cultivation of 6,980 acres of chickpea and local farmers cultivated 6,927 acres of chickpea in 2023.

Local farmers chose quality strains of chickpea with high yield. They cost more than Ks-300,000 per acre in cultivation. Relevant Agriculture Departments help local farmers choose quality strains of crops, inputs, post-harvest technology and agricultural techniques. **SMK**

From Page - 21

sustainable development goals to address global challenges including poverty, inequality, climate change, environmental deterioration, absence of peace and justice. UN member states agreed to implement the sustainable development goals by the year 2030. Based on the goals, every country should take action in time to solve their issues and overcome their challenges.

Hence, it is necessary to review current situation on time to develop a country and set prioritized measures for effective implementation. In so doing, population and socioeconomic data are the most important for relevant regions of Myanmar. So, the majority of global countries including technological developing countries conduct census-taking measures as usual to obtain these data.

It can be found that the United Nation has issued the Principles and Recommendations to enumerate the census. As population and socioeconomic data can be obtained from population census in different areas of the nation, collection of population census is essential for all.

In this regard, the Vice-Senior General said he would like to explain some points for the population and household census 2024 to be enumerated in the country soon. The significant character of census is to provide data to the least administrative areas such as wards and village-tracts. Data from the census can support statistics on population and socioeconomic data for adopting correct policies, strategies and tactics as well as drawing projects.

Moreover, these data are essential for effective management for allocating natural resources and finance, construction of infrastructures such as schools, hospitals, health units, roads and bridges, and performing care for those with disabilities and older persons and creation of employment opportunities.

In reviewing the history of collecting census in Myanmar, census was taken in 1872, 1891, 1901, 1911, 1921, 1931 and 1941 eight times once every ten years. Some data from these censuses are useful till today.

After taking 2014 census, many data from the census were utilized in drawing the development plans of the State. Moreover, the approximately data of census is estimated for the nation annually. The 2019 interim census was taken in order to know changes of socioeconomic data and compare data from these censuses before collecting once more census, and these data are useful till today.

The majority of global countries are collecting census once every 10 years. Myanmar is making preparations to take population and household census from 1 to 15 October 2024 with the aim of ensuring firmness of estimated annual population data of the nation and taking correct data for sectorwise development projects and research works. Enumeration of census is a single project for ensuring availability of socioeconomic data which is important for adopting development projects and policies of the nation. As such, it is necessary to strive for successful undertaking of the census-taking process as a national duty.

Additionally, the State Administration Council's fifth step of the five-point roadmap emphasizes ensuring the rights of all eligible voters are protected and that the general election is conducted successfully with accuracy and legitimacy, supported by an accurate voter list.

For World Population Day 2024, the theme is **"Helping vulnerable populations in emergencies."** This theme highlights the various emergencies caused by conflicts, wars, natural disasters, and food shortages that people around the world face today.

Especially vulnerable groups such as the elderly, young women, children, persons with disabilities, and the poor are disproportionately affected. Women and girls, in particular, face additional risks and their specific needs are often overlooked during such times, impacting their safety, dignity, and health. Addressing these issues benefits both families and communities.

According to international reports, many of those affected by crises are young people. In some countries, three-quarters of those affected are under 25 years old. Nearly half of the world's out-of-school youth live in conflict-affected countries.

As young people represent the future and strength of a nation, ensuring their education and meeting their needs is critical not just for them individually but for the country's future. Therefore, everyone must help protect vulnerable populations, and local government organizations must be prepared with emergency management plans.

It is crucial to have updated statistical data and socioeconomic information to effectively assist vulnerable populations during emergencies. A comprehensive national census is necessary to obtain such data.

Attendees of today's World Population Day event are encouraged to participate in the upcoming 2024 national census as a national duty. This is why let me conclude with the theme of the 2024 population and household census: **"A nationwide census, let us all participate".**

Union Minister for Immigration and Population U Myint Kyaing highlighted the importance of population data for Myanmar's development.

Following his speech, a video clip on the 2024 World Population Day theme "Helping vulnerable populations in emergencies" was shown.

The event concluded with Vice-Senior General Soe Win taking commemorative photos with the attendees and touring the World Population Day 2024 exhibition.

**100**

## State Administration Council
## Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

ISRAEL

# Israeli military announces end of 2-week operation in Gaza East


Israeli military announces end of 2-week operation in Gaza East.

The Israel Defence Forces (IDF) announced on Wednesday the end of a two-week military operation in Gaza City's eastern Shejaiya District, where it claimed to have eliminated dozens of Hamas fighters and destroyed several underground tunnels.

"Eight terrorist tunnels were destroyed in Shejaiya as our troops completed their mission in the area," the IDF said in a statement, adding that weapons, laptops, and communications equipment had been found in the tunnels.

Israel sent ground troops back into the neighborhood in late June after receiving intelligence about attempts by Palestinian movement Hamas to regain control of the area.

Hours before the final push, the IDF ordered people sheltering in the Palestinian enclave's main city to immediately evacuate, saying the war-ravaged city would become a combat zone.

On October 7, 2023, Hamas launched a large-scale rocket attack against Israel and breached the border, attacking both civilian neighborhoods and military bases. Nearly 1,200 people in Israel were killed, and some 240 others abducted during the attack. Israel launched retaliatory strikes, ordered a complete blockade of Gaza, and started a ground incursion into the Palestinian enclave with the declared goal of eliminating Hamas fighters and rescuing the hostages. As many as 120 hostages are believed to be still held by Hamas in Gaza, including 43 who are feared to have died in captivity.

More than 38,100 people have been killed and over 87,900 others have been wounded in the Gaza Strip as a result of Israel's military operations, Gaza authorities said. **Sputnik**

CHINA

# Smuggler with 100 snakes in pants exposed

Chinese customs officers caught a man trying to smuggle more than 100 live snakes into the country by stuffing them in his pants, local media reported on Tuesday.

The suspicious-looking man was detained by officials last week as he attempted to enter the country through the non-declaration channel at Futian Port in Shenzhen, which is a checkpoint between Hong Kong and mainland China.

Upon inspection, the officers found six plastic bags stuffed into the man's trouser pockets, containing a wide variety of live snakes. The final count revealed that there were 104 of the reptiles hidden in his pants.

Five species of snakes were later identified – milk snakes, western hognose snakes, corn snakes, Texas rat snakes, and bullsnakes. Four of the species are non-native to China, and therefore banned from being brought into the country without certification.

The customs authority did not reveal the smuggler's name, nor did they say whether the man had been arrested. The agency warned, however, that in accordance with Chinese legislation on biosafety and disease control, it may pursue legal liability if it deems the man's actions to have been in violation of regulations.

**RT**

RUSSIA

# Russian air defences destroy, intercept five drones above four regions- MoD


Russian air defences destroy, intercept five drones above four regions.

Over the past night, Russian air defences destroyed and intercepted five Ukrainian drones over four regions, the Russian Defense Ministry said in a statement.

The ministry said a number of attempts by the Kiev regime to carry out terrorist attacks using aircraft-type unmanned aerial vehicles (UAVs) on targets in Russia were stopped.

"Air defence systems on duty destroyed and intercepted five UAVs, two of which were over the territory of the Bryansk Region and one over the Tambov, Tula and Moscow regions each," it said.

Ukraine has been sending drones and missiles into Russia almost daily since it launched its counteroffensive in early June 2023. The United Nations said in August last year, following a botched drone strike on Moscow, that it did not want to see any targeting of civilian infrastructure.

**Sputnik**

JAPAN

# Seven injured in explosion on docked ship in southwestern Japan

Seven people were injured in an explosion that occurred on a ship docked at a quay at a ement plant in Japan's southwestern prefecture of Fukuoka on Thursday morning, local media reported.

Three of the victims were seriously injured, but none of the injuries were life-threatening, public broadcaster NHK reported, citing police and fire authorities.

The explosion at the plant in the prefecture's town of Kanda occurred shortly after 9:30 a.m. local time, when a hatch of the vessel was opened. The seven people are believed to have suffered burns due to hot air from the blast, which did not lead to a fire, the report said.

The vessel, which is about 60 meters long and weighs 499 tons, was apparently loaded with earth, it added. The authorities are investigating details of the explosion. **Xinhua**

TÜRKIYE

# Türkiye detains 47 suspects over artifact smuggling

Turkish police have detained 47 suspects in large-scale operations against an international artifact smuggling network, Interior Minister Ali Yerlikaya said Thursday.

Following operations conducted in 24 provinces, the police seized 6,325 ancient coins and 997 other historical artifacts in the western Izmir Province, Yerlikaya said on X.

The minister added that the suspects obtained historical artifacts belonging to Türkiye through unlawful excavations and illegally sold them to auction houses abroad to gain unfair profits.

An examination of the suspects' bank account movements revealed that five auction houses in Europe and the United States transferred approximately 72 million liras (2.19 million U.S. dollars) in foreign currency to the ringleader of the organization and his family members.

Some 1,057 historical artifacts of Turkish origin seized in Croatia in 2020 and returned to Türkiye were also taken abroad as part of the organization's activities.

**Xinhua**

NAY PYI TAW July 11

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses World Population Day 2024

World Population Day 2024 was observed at MICC-2 here this morning, addressed by Patron of Central Census Commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were SAC members, the Union Election Commission chair, union ministers, the Nay Pyi Taw Council chair, deputy ministers, heads of department, diplomats, officials of the central committee to observe the day and subcommittees, officials of ministries and associations and guests.

In his speech, the Vice-Senior General said the World Population Day was set up on 11 July 1987, on which the global population reached the five billion mark, with the aim of extending and promoting the public awareness of such social issues as family planning, gender equality, poverty, expectant mother health and the importance of human rights that need emergency attention. UN member countries observe World Population Day annually. As a UN member, Myanmar has been holding the Day since 1990, and today's is the 35th ceremony. According to a UN report, today's world population exceeds the eight billion mark. In the olden days, the global population took over 100 years to hit the one billion mark. Thanks to advanced medicines and technology and healthcare undertakings and rapid social development alongside a shift in birth rate and mortality rate the time required to increase one billion in global population is gradually getting shorter.




Vice-Senior General Soe Win addresses World Population Day 2024.

People are suffering more from food insufficiency, clean water shortages, climate change, pandemics, and natural disasters such as floods and gales and storms as a consequence of global population increase. In addition, they have to face the problem of class disparity that stems from inequality and rise in poverty. The problem is more serious in developing countries like us and countries with less development. As regards the population issue, birth rates are falling drastically in the majority of developed countries, and they are facing labour shortages and a fall in the number of children and a rise in the elderly population. In some developing countries and less developed countries, problems such as low education level, high birth rate, rise in unemployment and poverty have become common.

Hence, the UN adopted the

See Page - 19



Vice-Senior General Soe Win views publications at the exhibition of World Population Day 2024.



Vice-Senior General Soe Win visits the exhibition of World Population Day 2024.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မော်စကို၊ စစ်ရေး

# ဂျာမနီတွင် တာဝေးပစ်ဒုံးကျည်များဖြန့်ကြက်မည့် အမေရိကန်၏အစီအစဉ်ကို ရုရှားတုံ့ပြန်မည်




ဂျာမနီနိုင်ငံတွင် အမေရိကန်က ၎င်းတို့၏ တာဝေးပစ်ဒုံးကျည်များ ဖြန့်ကြက်မည့် အစီအစဉ်အား စစ်ရေးအရတုံ့ပြန်နိုင်ရေး လုပ်ဆောင်မည်ဟု ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရီယက်ကော့က ဇူလိုင်လ ၁၁ ရက်တွင် ပြောသည်။

NATO အဖွဲ့နှင့် ဥရောပကာကွယ်ရေးအတွက် ချမှတ်ထားသည့်ကတိကဝတ်ကို ပေါ်လွင်စေရန်အတွက် အမေရိကန်၏ တာဝေးပစ်ဒုံးကျည်များကို ဂျာမနီနိုင်ငံအတွင်း၌ လာမည့် ၂၀၂၆ ခုနှစ်တွင် ဖြန့်ကြက်မည်ဟု အမေရိကန်နှင့် ဂျာမနီတို့က ဇူလိုင်လ ၁၀ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီးနောက် ရုရှား၏ တုံ့ပြန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံတွင်ဖြန့်ကြက်မည့် ဒုံးကျည်များတွင် SM-6, Tomahawk ခရုဇ်ဒုံးကျည်များ၊ လက်ရှိဥရောပတွင်အသုံးပြုနေသည့် လက်နက်စနစ်များထက် ပိုမိုဝေးကွာသည့် အကွာအဝေးရှိ ပစ်မှတ်များကိုတိုက်ခိုက်နိုင်သည့် အသံထက်မြန်လက်နက်စနစ်များပါဝင်မည်ဖြစ်သည်။ အဆိုပါဒုံးကျည်များကို ဂျာမနီနိုင်ငံအတွင်း၌ ကာလရှည်ကြာဖြန့်ကြက်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

အမေရိကန်၏အဆိုပါအစီအစဉ်သည် ရုရှားနိုင်ငံအား ရန်စရန် ရည်ရွယ်သည့် တင်းမာမှုမြင့်တက်ရေး လုပ်ဆောင်ချက်ဖြစ်သောကြောင့် ရုရှားအနေဖြင့် စစ်ရေးအရတုံ့ပြန်နိုင်ရေး လုပ်ဆောင်မည်ဖြစ်ကြောင်း ဆာဂျီရီယက်ကော့က တုံ့ပြန်ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုက ၎င်းတို့၏နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သည့် တာလတ်ပစ်နှင့် တာတိုပစ်ဒုံးကျည်များကို ဥရောပနှင့်အာရှဒေသများ၌ ဖြန့်ကြက်ခဲ့ပြီးနောက် ရုရှားအနေဖြင့်လည်း နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သော အလားတူလက်နက်များထုတ်လုပ်ခြင်းကို ပြန်လည်စတင်၍ ၎င်းဒုံးကျည်များအား မည်သည့်ဒေသ၌ ဖြန့်ကြက်မည်ကို စဉ်းစားသင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြီးခဲ့သည့်လအတွင်း၌ ပြောကြားခဲ့ကြောင်းသိရသည်။

*Ref: ST*

ဆိုး၊ ပြည်တွင်းရေး

# သက်ကြီးဦးရေများပြားသည့်လူ့အဖွဲ့အစည်းဖြစ်လာရန် တောင်ကိုရီးယားနီးစပ်ဟုဆို



တောင်ကိုရီးယားနိုင်ငံတွင် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေသည် ၁၀ သန်းကျော်အထိ မြင့်တက်လာခြင်းကြောင့် နိုင်ငံသည် သက်ကြီးလူဦးရေ များပြားသည့် သက်တမ်းရှည် လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာရန် နီးစပ်လာပြီဖြစ်ကြောင်း ပြည်ထဲရေးနှင့် ဘေးကင်းရှင်းရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၁ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် တရားဝင်မှတ်ပုံတင်ထားသည့် လူဦးရေသည် ဇူလိုင်လ ၁၀ ရက်တွင် ၁၀ သန်းနှင့် ၆၂ ဦးရှိကြောင်း၊ နိုင်ငံရှိ စုစုပေါင်းလူဦးရေမှာ ၅၁ သန်းကျော်သာရှိသော်လည်း အသက်အရွယ်ကြီးရင့်သည့် ဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၉ ဒသမ ၅၁ ရာခိုင်နှုန်းခန့်ရှိကြောင်း ပြည်ထဲရေးနှင့် ဘေးကင်းရှင်းရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား၏ အသက်ကြီးရင့်သူလူဦးရေအချိုးအစားသည် ၂၀၁၃ ခုနှစ်တွင် ၁၁ ဒသမ ၇၉ ရာခိုင်နှုန်းသာရှိပြီး ၂၀၂၂ ခုနှစ် ဧပြီလတွင် ၁၇ ဒသမ ၄၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသားဦးရေမှာ လက်ရှိတွင် အမျိုးသမီးဦးရေထက် လျော့နည်းလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် အရွယ်ရှိဦးရေသည် စုစုပေါင်းနိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာပါက ယင်းနိုင်ငံအား သက်ကြီးရွယ်အိုဦးရေများပြားသည့် သက်တမ်းရှည်လူ့အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်လေ့ရှိကြောင်းသိရသည်။

*Ref: Xinhua*

တိုကျို၊ မတော်တဆမှု

# ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ထားသည့် သင်္ဘောတစ်စင်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွား

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ထားသည့် သင်္ဘောတစ်စင်းပေါ်၌ ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ဖော်ပြသည်။

ပေါက်ကွဲမှုသည် ဖူကိုအိုကာစီရင်စု ကန်ဒါမြို့ရှိ ဘိလပ်မြေစက်ရုံအနီးရှိသင်္ဘောဆိပ်တွင် ရပ်နားထားသည့် သင်္ဘောပေါ်၌ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း NHK သတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် သင်္ဘောပေါ်တွင် မြေကြီးများကို တင်ဆောင်ထားကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို အာဏာပိုင်အဖွဲ့က စုံစမ်းဖော်ထုတ်လျက်ရှိသည်။

*Ref: Xinhua*




ဖနွမ်းပင်၊ စီးပွားရေး

# လျှပ်စစ်ကားအစီးပေါင်း ၃၀၀၀၀ အထိတိုးမြှင့်ထုတ်လုပ်ရန် ကမ္ဘောဒီးယားရည်မှန်း



ကမ္ဘောဒီးယားအစိုးရအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် လျှပ်စစ်ကားအစီးပေါင်း ၃၀၀၀၀ အထိတိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း ဇူလိုင်လ ၁၁ ရက်တွင် ထုတ်ပြန်သည့် လျှပ်စစ်ကားထုတ်လုပ်ရေးဆိုင်ရာ အမျိုးသားမူဝါဒချမှတ်ရေးအဖွဲ့၏ ကြေညာချက်တွင်ဖော်ပြသည်။

အလားတူပင် ကမ္ဘောဒီးယားနိုင်ငံသည် လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင်လည်း အသေးစားမော်တော်ဆိုင်ကယ်အစီးပေါင်း ၇၂၀၀၀ နှင့်လျှပ်စစ်သုံးဘီးကား အစီးပေါင်း ၂၀၀၀၀ ခန့်အထိတိုးမြှင့်ထုတ်လုပ်ရန်စီစဉ်ထားသည်။

နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးဆိုင်ရာ အမျိုးသားမူဝါဒသည် အခွန်ရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန်နှင့် နိုင်ငံသားများ၏ ချမ်းသာသုခကို ဖော်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံအား အကောင်းဆုံးလျှပ်စစ်မော်တော်ကားထုတ်လုပ်ရေးနည်းပညာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ အသွင်ပြောင်းလဲနိုင်ရန် ရည်မှန်းထားခြင်းဖြစ်ကြောင်း အစိုးရက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

လျှပ်စစ်ကားများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချနိုင်ပြီး လောင်စာဆီအတွက်ကုန်ကျစရိတ်သက်သာစေခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် လူများအကြားအသုံးပြုရာတွင် ရေပန်းစားလာပြီဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသည့် လျှပ်စစ်ကားအရေအတွက်မှာ ၁၆၁၄ စီး၊ အပေါ့စားလျှပ်စစ်မော်တော်ဆိုင်ကယ် ၉၁၄ စီးနှင့် လျှပ်စစ်သုံးဘီးကား ၄၄၀ စီးရှိကြောင်း သိရသည်။

*Ref: Xinhua*

ဘိုကလေး၊ စိုက်ပျိုးရေး

# ဘိုကလေးမြို့နယ်၌ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေး သစ်စိမ်းမြေသြဇာမြေမြှုပ်ထည့်သွင်း



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စုရှိ တောင်သူဦးစံသောင်း၏လယ်ယာမြေတွင် ဇူလိုင်လ ၁၀ ရက်က မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေး သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)မြေမြှုပ်ထည့်သွင်းပွဲ ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေသြဇာ မြေမြှုပ်ထည့်သွင်းပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးဝင်းစိုးဦးနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူ ဦးစံသောင်း၏လယ်ယာမြေအတွင်း ယခုနှစ် မေလအတွင်းက ကြပက်စိုက်ပျိုးထားသော သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) များကို ထွန်စက်များဖြင့် မြေမြှုပ်ထည့်သွင်းခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် သစ်စိမ်းမြေသြဇာမြေမြှုပ်ထည့်သွင်းခြင်းအခမ်းအနားဆောင်ရွက်သော သာပေါင်းကျေးရွာအုပ်စု၌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များက ဒေသခံတောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပခဲ့ရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကံဝင်းက စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးရေးအတွက် မြေအာဟာရကြွယ်ဝရန်လိုအပ်ကြောင်း၊ မြေအာဟာရပြည့်မီရေးအတွက် ဓာတုမြေသြဇာများ ထည့်သွင်းခြင်းသည် စိုက်ပျိုးမြေအတွက် ဘေးထွက်ဆိုးကျိုးများ ရှိလာနိုင်သောကြောင့် သဘာဝသစ်စိမ်းမြေသြဇာထည့်သွင်းစိုက်ပျိုးရန် ပြောကြားသည်။

သမားရိုးကျကြဲခင်းစနစ်ဖြင့် စိုက်ပျိုးခြင်းထက် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်းသည် အထွက်နှုန်းပိုမိုတိုးတက်ခြင်းနှင့် လုပ်အားသက်သာခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

တနင်္သာရီ၊ အထိမ်းအမှတ်နေ့

# တနင်္သာရီမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသ

ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (တနင်္သာရီ) ပညာရတနာခန်းမ၌ ဇူလိုင်လ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(တနင်္သာရီ) ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ၏ နေ့ထူးနေ့မြတ်များကို တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ယင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အထက်တန်းပြဆရာမ ဒေါ်ချိုနွယ်စိုးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်မျိုးယဉ်ယဉ်အေးနှင့် အထက်တန်းပြဆရာမ ဒေါ်အေမီထွန်းတို့က အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့၏အတ္ထုပ္ပတ္တိအကျဉ်းနှင့်အနှစ်ချုပ်ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် Grade-11 ဂီတအဖွဲ့က အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း သီချင်းကို သံပြိုင်သီဆိုကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့၏ဓာတ်ပုံများနှင့်ကိုယ်ရေးအကျဉ်းများပါရှိသော နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။



**နန်းသာရီ(ပြန်ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊
  ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရေး | (၄. ၆၁)လက်မ |
| စစ်တွေ | (၃. ၁၅)လက်မ |
| ပိုင်ကျုံ | (၃. ၀၀)လက်မ |
| ခန္တီး | (၂. ၆၈)လက်မ |
| ကျောက်ဖြူ | (၂. ၁၇)လက်မ |
| ထားဝယ် | (၂. ၀၈)လက်မ |
| ဘားအံ | (၂. ၀၁)လက်မ |
| သိမ်ဇရပ် | (၂. ၀၁)လက်မ |
| ကျောင်းကုန်း | (၁. ၉၇)လက်မ |
| ဘီးလင်း | (၁. ၆၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၂၈ |
| ရှမ်း(မြောက်) | ၂၂ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၆ |
| ချင်း | ၁၄ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၅ | ၃၅ |
| ရခိုင် | ၂၃ | ၃၀ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၄ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၃ | ၃၂ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅° C | / | ၃၀.၂° C |
| ရန်ကုန် | ၂၅° C | / | ၃၀.၈° C |
| မန္တလေး | ၂၆° C | / | ၃၁.၈° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသအသိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်ထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ရန်ကုန် ဇူလိုင် ၁၁

## နိုင်ငံတော်အစိုးရမှ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်




နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် ကြုံတွေ့ရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလင်းလင်းဇော်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ဇူလိုင်လ ၁၀ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ မိနစ် ၅၀ က ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ယူအေအီးနိုင်ငံ Ras AI Khaimah ပြည်နယ်တွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ချိန်များပြားပြီး အလုပ်ပင်ပန်းသည့်ဒဏ်ကိုမခံနိုင်သဖြင့် အေဂျင်စီရုံးနှင့် မြန်မာနိုင်ငံမှ ၎င်းကိုပို့ဆောင်ခဲ့သူထံသို့ဆက်သွယ်ခဲ့ရာ ပြန်လည်ထွက်ခွာလိုပါက လျော်ကြေးငွေကျပ် ၈၅ သိန်းပေးလျော်ရမည်ဖြစ်ကြောင်း ပြောကြားရာ မတတ်နိုင်သောကြောင့် အိမ်ရှင်ထံမှ ထွက်ပြေးခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ အကူအညီတောင်းခံခဲ့ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ပြန်လည်ထွက်ခွာနိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည် ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံ Ras AI Khaimah ပြည်နယ်တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မလင်းလင်းဇော်က "ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သွားခဲကျေးရွာမှာနေပါတယ်။ ဟိုမှာ အိမ်ငါးအိမ်ပြောင်းပြီးအလုပ်လုပ်ခဲ့ရပါတယ်။ ခြောက်လလုံးလုံး အဆင်မပြေခဲ့ပါဘူး။ အလုပ်ရှင်အိမ်တွေက ထမင်းမကျွေးဘူး။ အလုပ်ကိုပင်ပင်ပန်းပန်းလုပ်ရတယ်။ သူတို့အစားအစာနည်းနည်းပဲစားရတယ်။ အိမ်တိုင်းကြုံတွေ့ခဲ့ရတာပါ။ အေးဂျင့်ရုံးတွေကလုံးဝမကူညီပါဘူး။ နောက်ဆုံး ထွက်ပြေးပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို အကူအညီတောင်းခံခဲ့တာကြောင့် စားဖို့ နေထိုင်ဖို့ စီစဉ်ပေးတဲ့အပြင် မြန်မာပြည်ကိုပြန်နိုင်ဖို့ အစစအရာရာကူညီပေးကြပါတယ်။ ဒူဘိုင်းလေဆိပ်အထိ လိုက်ပါပို့ဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးကြီးလှပါတယ်။ မိမိနိုင်ငံသားတစ်ဦး ဒုက္ခရောက်နေချိန်မှာ လိုလေသေးမရှိကူညီဆောင်ရွက်ပေးခဲ့တာကို ရင်ထဲပြောပြလို့မရအောင် အထူးကျေးဇူးတင်ပါတယ်။ ဒီလိုအခက်အခဲမျိုးဆိုတာကိုယ်တိုင်ခံစားရမှ ကူညီကယ်ဆယ်မှုရဲ့အကျိုးကျေးဇူးကို ပိုပြီးသိလာရတာပါ။ အဲ့ဒီမှာ အိမ်အကူလုပ်မယ်ဆိုရင် လုံးဝမသွားသင့်တဲ့နေရာပါ။ ကျွန်မလို ဒုက္ခမျိုးစုံမကြုံစေချင်ပါဘူး။ နိုင်ငံတော်အစိုးရကတာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင်အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သောအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ပါကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဓာတ်ပုံ - ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

၁၁-၇-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မြောင်းမြ | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ကော့ကရိတ် | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | | | | |

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၁၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဇူလိုင် ၁၁

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများပြုပြင်ဖောက်လုပ်နေမှုကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုး နှင့်တာဝန်ရှိသူများသည် အရှေ့ဖွားစော ကျေးရွာသို့သွားရောက်၍ ကျေးရွာအဝင်မှ ဇယဝေရီကန်သို့ သွားသောလမ်း အရှည် ၁ မိုင် ၂ ဒသမ ၃ ဖာလုံ အကျယ် ၁၈ ပေကို ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေ၊ အဆိုပါလမ်းပိုင်းတွင် ပေ ၅၂၄၀ မြေသား ၂ ပေထုတင်၍ ထပ်မံ ဆောင်ရွက်မည့်နေရာ၊ ရေကျော်ပေ ၅၀၊ ပေ ၈၀ နှင့် ပေ ၁၅၀ သုံးစင်းဆောင်ရွက်မည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အနောက်ဖွားစောကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအဝင်လမ်း အရှည် ၂ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၈ ပေ ဂျင်းကျောက်ခင်း ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့်ဒုတိယဝန်ကြီးသည် မြင်းကပါ ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်၍ ကျေးရွာတွင်းလမ်း ၇ ဖာလုံ ဂျင်းကျောက်ခင်းကျင်းနေမှုကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် ရွာတွင်းလမ်း များကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စံပြကျေးရွာအတွက် ဆောင်ရွက်ပေးမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ လုပ်ငန်းများ၊ အခြားသောဆက်စပ်ဝန်ကြီး ဌာနများ၏လုပ်ငန်းများ သတ်မှတ်ကာလ အတွင်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးမှာကြားသည်။ ဆက်လက်ပြီး ဒုတိယ ဝန်ကြီးသည် ခေတ်မီစံပြကျေးရွာ၏ အသက် မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေး မြင့်မားရေးကဏ္ဍတွင်ပါဝင်သော ဧည့်လမ်း ညွှန်၊ ဧည့်လမ်းပြသင်တန်းဖွင့်လှစ်ပို့ချ ပေးနေမှုကို အားပေးကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင် ရွက်နေသော ကုန်းတန်းကြီးကျေးရွာအဝင် လမ်းအရှည် ၁ မိုင် ၄ ဖာလုံအနက် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကုန်းတန်းကြီးကျေးရွာအထိ ဆက်လက် ဆောင်ရွက်မည့် လမ်းအရှည် ၁ မိုင် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေဖြင့် တည်ဆောက်နေသော ပုဂံမြို့ သစ်မှ နတ်ကြိုးအိုင်ကျေးရွာ အဝင်လမ်း ၁ မိုင် ၄ ဖာလုံ ပြုပြင်ဖောက်လုပ်ပေးမည့် အခြေအနေ၊ ရေကျော်အမှတ် (၂) တည် ဆောက်မည့်နေရာတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လောက နန္ဒာဘုရားအား သွားရောက်ဖူးမြော်ပြီး ဘုရားပရိဝုဏ်အတွင်း မဥ္ဇူသကနတ်ပန်း ရောင်းချနေသော ဒေသခံများနှင့်တွေ့ဆုံ၍ အဆင့်မီထုတ်ကုန်ဖြစ်စေရန်၊ ထုပ်ပိုးကုန်များ သန့်ရှင်းသပ်ရပ်ကောင်းမွန်စေရန်၊ ယခုကဲ့သို့ ပန်းပွင့်ခြောက်ပြုလုပ်ရောင်းချခြင်းအပြင် မဥ္ဇူသကနတ်ပန်းမှ အလှဆီထုတ်လုပ်တတ် စေရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနက သင်တန်းပို့ချပေးရေး ဆွေးနွေး မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၁

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများထောက်ပံ့

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုး သည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်း မြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေ ဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေး သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ သည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ပေါမိုင်း)၊ အခြေခံပညာမူလတန်းကျောင်း(သာစည်) နှင့် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း တို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့် များထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ခန္တီး) အတွင်း/အပြင်၌ မြစ်ရေကြီးမှုနှင့်အတူ ပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများက စာသင်ကျောင်းအတွင်းရှိ နုန်း၊ သဲနှင့်အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၁

# ၂၀၂၄ ခုနှစ် ဇူလိုင်လ (ဒုတိယ) ၁၀ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ် နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင် သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက် မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင် ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးအနောက်ပိုင်းတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင် ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင် ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက် အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေး တိုင်းဒေသကြီးတို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်း၊ နေပြည် တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း အတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့ တွင် ၃၁ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၁ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ကယားပြည်နယ်တွင်(စိုစွတ်)အခြေ အနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင် ပါသည်။

**(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၁၁

# စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့်စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် Mobile Fuel Lab ယာဉ်များဖြင့်စစ်ဆေးဆောင်ရွက်

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှု ကွင်းဆက်အတွင်း အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှုနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် ဌာနပိုင် Mobile Fuel Lab ယာဉ်များဖြင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်၍ အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။















စက်သုံးဆီအရောင်းဆိုင်များတွင် အရည်အသွေးနှင့်အခြင်အတွယ် စစ်ဆေးနေမှုကို တွေ့ရစဉ်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၆၁ ဆိုင်ကို Mobile Fuel Lab ယာဉ်များဖြင့် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စက်သုံးဆီအရောင်းဆိုင် ၃၆၀ နှင့် အခြင်အတွယ် စစ်ဆေးခြင်းကို အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၆၀၀၊ စုစုပေါင်း အရောင်းဆိုင် ၉၆၀ ကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလ၊ မေလနှင့် ဇွန်လအထိ အရောင်းဆိုင် စုစုပေါင်း ၃၄၅ ဆိုင်ကို အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှုကွင်းဆက်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှုကွင်းဆက်ဖြစ်ပေါ်လာစေရေးနှင့် အများပြည်သူများ အရည်အသွေး စံချိန်စံညွှန်းနှင့် အခြင်အတွယ်ပြည့်မီသော စက်သုံးဆီများဝယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းတို့ကို ပိုမိုထိရောက်စွာထိန်းကျောင်းကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ရေကြီးခြင်းသတိပေးချက်နှင့် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲခန့်(၁၃၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့် (၁၁၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့်(၁၀၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခန့် (၁၁၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေကျော်ခန့် (၁၂၉ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ၁၁၃၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာအောက်သို့ပြန်လည်ကျဆင်းပြီးဖြစ်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိ နေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ **(မိုး/ဇလ)**


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK
MYANMAR ECONOMIC CORPORATION
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၄)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၆၀၇၃၀၊ ၀၂ ၄၀၂၄၅၉၅၊
၀၂ ၄၀၂၁၂၀၂၊ ၀၂ ၂၈၄၈၄၄၁


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စစ်ကိုင်းမြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

ရန်ကုန် ဇူလိုင် ၁၁

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံစတားအသင်း၏ချေပဂိုးအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၇ မိနစ်တွင် အောင်ဝဏ္ဏက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဒဂုံစတားအသင်းက နှစ်ဂိုးပေးခဲ့ရပြီးနောက် ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ဇင်မင်းထွန်းက ဒဂုံစတားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဇူလိုင်လ ၁၂ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

ပဲခူး ဇူလိုင် ၁၁

# ပဲခူးတိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) ကျင်းပ

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါးစိုက်ရာသီဖြစ်၍ သတ်မှတ်လျာထားသည့် မိုးစပါးစိုက်ဧကများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပျိုးခြံများရှိ ပျိုးပင်များ ဇူလိုင်လအတွင်းအပြီးစိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအား စဉ်ဆက်မပြတ်သွားရောက်ကြည့်ရှုစစ်ဆေးရန် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အခြေခံစားသုံးကုန်များ၊ ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး စစ်ဆေးဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝရရှိစေရေး အခွန်ရှောင်သူများအား စိစစ်ဖော်ထုတ်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ပြသန့်ရှင်းသာယာလှပစေရေးနှင့် အခြေခံစားသုံးကုန်များ ရောင်းဝယ်မှုဆိုင်ရာကိစ္စရပ်များ၊ စက်သုံးဆီဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအား အသီးသီးတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဇူလိုင် ၁၁

# တရားမဝင် သစ်မျိုးစုံ၊ ရွှေ၊ ဆေးဝါးများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်လိုင်စင်တွင်ခွင့်ပြုထားသည်ထက် ပိုမိုပါရှိလာသည့် Tramagesic 100 Injection အကိုက်အခဲပျောက် ထိုးဆေး (၄၅၀၀)ဘူး အပါအဝင် ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၈၉၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပသို့ထွက်ခွာမည့် ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကယ်ဒမီတံဆိပ်ပါ ရွှေ(၂၀)ကျပ်သား (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၈၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သင်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အနီး၌ လိုင်စင်မဲ့ Nissan Wingroad မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်၊ တာဟန်းကျေးရွာ၌ လိုင်စင်မဲ့ Jialing-90 မော်တော်ဆိုင်ကယ်(၁)စီးနှင့် Luojia-110 မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၀ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၃)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၀ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ (၇ ဒသမ ၀၅၈)တန်၊ အခြားသစ် (၅ ဒသမ ၃၂၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၄၆၄၇)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၌ လိုင်စင်မဲ့ CHANGCHKL ထော်လာဂျီ (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၄၆၄၇)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၇၁၃၆၄၇)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၁

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW AUDI၊ Q4 E TRON-40 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co.,Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd. မှတင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၁

## ရေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသား ၁ ဦးကို သတ်ဖြတ်ပြီး ၂ ဦးကို ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားစေသည့် သတင်းတု၊ သတင်းအမှားများရေးသားဖြန့်ဝေ

မွန်ပြည်နယ်၊ ရေးမြို့တွင် ဇူလိုင်လ ၈ ရက်နေ့က ခြံထဲမှ ကွမ်းသီးခူးပြီး ပြန်လာသည့် အမျိုးသား ၁ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် ကွမ်းသီးလိုက်လံဝယ်ယူသည့် အမျိုးသား ၂ ဦးကိုလည်း လူသားဒိုင်းသဖွယ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင်လ ၇ ရက်နေ့တွင် ရေးမြို့၊ ရွာသစ်ကျေးရွာနှင့် တောင်စွန်းကျေးရွာသို့ သွားရောက်သည့် လမ်းဆုံအနီးရောက်ရှိစဉ် ပွိုင့်-၁၉၃ တောင်ကုန်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာမှ အကြမ်းဖက်သမား အလောင်း(၁) လောင်းနှင့်အတူ အမ်-၁၆ ကျည်အိမ်(၁)ခု၊ ငင်းကျည် ၅ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၁၁

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊ အလေးချိန် ၁၀၅ ကီလိုဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၉ ရက် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ၊ ညီလင်း(ခ)အိုက်ထွန်းနှင့် အောင်ဝင်းတို့ ၃ ဦးသည် TOYOTA CROWN မော်တော်ယာဉ် ၂ စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊ အလေးချိန် ၁၀၅ ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘလောက်တုံးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၁၁

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hsu (Hsu May Oo)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်နေ ဆုမေဦးအား ည ၁၁ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ "Daw Htay Htay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်နေ ချောစုလှိုင်၊ "Ei Nander" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်နေ အိစန္ဒာဝင်းနှင့် "Wah Wah Aung" Viber အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်နေ ရွှေဝါထိန်ဝင်းတို့အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်းသားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၁-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၃၀၇။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှဝန်ထမ်းများ ကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၃၀၈။ | ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ ရန်ကုန်တိုင်းသာသနာနုဂ္ဂဟ အသင်း(ဥက္ကဋ္ဌ)နှင့်ဇနီး ဒေါ်လှလှသန်းမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၃၀၉။ | ဦးကြည်အေးနှင့်ဇနီး ဒေါ်ခင်ခင်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၁၀။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်ရီရီလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၁၁။ | ဦးညီညီနိုင်နှင့်ဇနီး ဒေါ်မိုမိုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၁၂။ | ဦးအောင်ကျော်မိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၁၃။ | ဦးသတိုးဟိန်းနှင့်ဇနီး ဒေါ်စိုးမာလာမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၃၁၄။ | ဦးကျော်ဝင်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၃၁၅။ | ဦးလှသော်၊ (သား)ဗိုလ်မှူးနေလင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၆။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်မော်မော်သန်း၊ (သား)ဒေါက်တာမင်းသန့်၊ မောင်ရဲခန့်မင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၇။ | ဆရာမရွှေကူမေနှင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၈။ | ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၉။ | ဦးအောင်မြတ်သာနှင့်ဇနီး ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၀။ | ဒေါ်နှင်းဆီဦး၊ ကိုတင်မောင်ထွန်း၊ ကိုတင်မောင်လွင်၊ မဝင်းနုရီနှင့် မချမ်းမြေ့ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၁။ | ဦးမင်းမင်းသိန်းနှင့်ဇနီး ဒေါ်ဇင်မာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၂။ | နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးအောင်စည်သူနှင့်ဇနီး ဒေါ်သုသုဝင်း၊ (သား)မောင်ဘုန်းမြတ်စည်သူ၊ မောင်ထက်မြတ်စည်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၃။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၄။ | အဖွားဒေါ်ရီရီစောမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၅။ | ဒေါ်မြင့်မြင့်သန်း၊ (သား)မောင်ပိုင်းဇော်မြင့်အေး၊ (သမီး)မနန်းစံလှိုင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၆။ | ဦးမင်းသူကျော်နှင့်ဇနီး ဒေါ်နန်းစောမိုခမ်း၊ (သမီး)မနန်းသီရိမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၈။ | ကွယ်လွန်သူဒေါက်တာဇော်ဝင်းအားရည်စူး၍ ဒေါက်တာဝေဝေလှ၊ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၉။ | ကွယ်လွန်သူဦးမော်နှင့် ဒေါ်တင်ကြည်တို့အားရည်စူး၍ အရာခံဗိုလ်ကြည်ရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှမော်၊ (သမီး)မနီလာမော်မော်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၃၀။ | အုတ်ကျင်းတောရကျောင်းဆရာတော်ဦးစောတိက ကောင်းမှု | ၆၀၀၀၀ |
| ၉၃၃၁။ | ကွယ်လွန်သူဗိုလ်ကြီးခင်မောင်နှင့် ဒေါ်အုန်းကြင်တို့အား ရည်စူး၍ မသန္တာ၊ မကေသီခင်ကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၂။ | ဦးရဲမင်းသူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၃။ | ဦးသန်းနိုင်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုးသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၄။ | ဦးကြည်မောင်နှင့်ဇနီး ဒေါ်ခင်မြမူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၅။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်တင်တင်ဌေး၊ (သား)မောင်သီဟမြတ်သူ၊ (သမီး)မဆုရွှန်းထက်၊ မဆုဇီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၆။ | ဦးကျော်ခိုင်နှင့်ဇနီး ဒေါ်မော်မော်အေး၊ (သမီး)မသူသူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၇။ | ကွယ်လွန်သူဦးဖိုးခင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၈။ | သရက်မြိုင်ကျောင်းဆရာတော်အရှင်အာစာရကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၉။ | ဗိုလ်မှူးချုပ်ခွန်နေထွန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၀။ | ဗိုလ်မှူးကြီးကျော်ထင်နှင့်ဇနီး ဒေါက်တာမီမီညိုထိုက်၊ (သမီး)မနှင်းဖြူကျော်ထင်၊ မမေနှင်းကျော်ထင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၁။ | ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်ဇနီး ဒေါက်တာဒေါ်နွယ်နီအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၂။ | ဒုတိယရဲမှူးကျော်ဇာလင်းနှင့်ဇနီး ဒေါ်ဝေဝေနိုင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၃။ | ကိုစိုင်းအောင်နှင့်ဇနီး ဒေါ်တိုးတိုး၊ (သမီး)မပိုးသီရိသိန်း၊ မနီလာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၄။ | ကိုညီညီမင်းထွန်းနှင့်ဇနီး မနှင်းဦးဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၅။ | ဒေါ်ခင်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၇။ | ဦးအောင်စည်သူ မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၈။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ထွေးငယ်မြင့်၊ (သမီး)မဖူးပြည့်ဝေခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၉။ | ဦးဇော်မိုးလွင်နှင့်ဇနီး ဒေါ်နန်းစုလှဲ့မြသွင်၊ (သား)မောင်ကြည်ခန့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၀။ | ဒေါ်လှလှဦးနှင့် သား၊ သမီးများကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၁။ | နှစ်ဖက်သောမိဘများအားအမျှထား၍ ဦးဇော်မိုးအောင်နှင့်ဇနီး ဒေါ်မေသောင်းထိုက်ဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၂။ | ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၃။ | ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်စန္ဒာမြင့်၊ (သမီး)မမေဖူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၄။ | ဦးကောင်းငွေနှင့်ဇနီး ဒေါ်ညိုညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၅။ | ဦးပြည့်ဖြိုးလွင်နှင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၆။ | ဦးကောင်းဆက်နှင့်ဇနီး ဒေါ်သီရိစိုးဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆


### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ရေတာရှည်မြို့နယ်၊ အ.ထ.က(မြို့လှ) တက္ကသိုလ်ဝင်တန်း Grade-12(A) မှ ပညာသင်ကြားနေသော မောင်ပိုင်သက်ကျော်၏ဖခင်အမည်မှန်မှာ ဦးသံချောင်း ၇/ရတန(နိုင်)၀၉၁၃၃၆ ဖြစ်ပါကြောင်း။

**ဦးသံချောင်း**

### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ လက်ခံအုပ်စုနေ မတင်နွယ်ဝင်း(ဘ)ဦးမြင့်လွင် ၇/ကတခ(နိုင်)၁၇၄၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 756461) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၅၆၃၄၃၉**

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ မဂျူးဂျူး(ဘ)ဦးဝင်းမင်းသန့် ၉/တတက(နိုင်)၂၉၃၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 073599) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၅၆၃၄၃၉**

### ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ရွှေလောင်း)၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10 (B) မှ မပန်းအိခိုင်နှင့် Grade-6(D)မှ မောင်လင်းထက်ပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၄/ဝခမ(နိုင်)၁၄၅၀၉၈ ဖြစ်ပါကြောင်း။

**ဦးကိုကိုနိုင်**

### ပျောက်ဆုံးကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ တော်တရကျေးရွာပသွယ်နေ တင်နီလာဝင်း(ဘ)ဦးဝင်းစိန် ၁၄/ပတန(နိုင်)၁၆၅၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 088651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ဇင်းကျိုက်အုပ်စု၊ ဖလပ်-၁၇ ရပ်ကွက်နေ ဝင်းဗိုလ်(ဘ)ဦးဘိုးမှီ ၁၀/ပမန(နိုင်)၀၆၄၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၈၇၀၄၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များပေါကြွယ်ဝခြင်းပင်ဖြစ်. . .

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒတွေချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့်တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ♦

**နိုင်ငံရေးပါတီ (၂၃)ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်**

စာ - ၁၅ သို့

**စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက်** Mobile Fuel Lab **ယာဉ်များဖြင့်စစ်ဆေးဆောင်ရွက်**

စာ - ၂၆ သို့

**ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့**

စာ - ၂၅ သို့